ကြေးမုံ
The Mirror

၁၃၇၃ ခုနှစ်၊ တပို့တွဲလဆန်း ၃ ရက်၊ ကြာသပတေးနေ့ (26-1-2012) (၇၀၁၆)

ဒို့တာဝန်အရေးသုံးပါး

- ☆ ပြည်ထောင်စု မပြိုကွဲရေး။
- ☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
- ☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်း စင်ကာပူသမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်မည်

နေပြည်တော်   ဇန်နဝါရီ   ၂၆

စင်ကာပူသမ္မတနိုင်ငံ သမ္မတ ဒေါက်တာတိုနီတန် ကင်ယမ်း၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့သည် စင်ကာပူသမ္မတနိုင်ငံသို့ မကြာမီကာလအတွင်း ချစ်ကြည်ရေးခရီး သွားရောက်မည်ဖြစ်သည်။

(သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အိန္ဒိယသမ္မတနိုင်ငံ သမ္မတထံ သဝဏ်လွှာပေးပို့

နေပြည်တော်   ဇန်နဝါရီ   ၂၆

၂၀၁၂ ခုနှစ် ဇန်နဝါရီ ၂၆ ရက်တွင် ကျရောက်သော အိန္ဒိယသမ္မတနိုင်ငံ တည်ထောင်သည့် နှစ်ပတ်လည်အမျိုးသားနေ့ အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ အိန္ဒိယသမ္မတနိုင်ငံ သမ္မတ မစ္စစ် ပရာတီဘာဒေဗီဆင်း ပတေးလ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဩစတြေးလျနိုင်ငံ ဘုရင်ခံချုပ်ထံ သဝဏ်လွှာပေးပို့

နေပြည်တော်   ဇန်နဝါရီ   ၂၆

၂၀၁၂ ခုနှစ် ဇန်နဝါရီ ၂၆ ရက်တွင် ကျရောက်သည့် ဩစတြေးလျနိုင်ငံ အမျိုးသားနေ့၌ ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ဩစတြေးလျနိုင်ငံဘုရင်ခံချုပ် မစ္စ ကွင်တင်း ဘရိုက်(စ်)ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် နော်ဝေးနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Jonas Gahr Store ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် နော်ဝေးနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ ပြည်တွင်းနိုင်ငံရေးဖြစ်ပေါ်တိုးတက်မှုများနှင့် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရန်ကိစ္စများ ခင်မင်ရင်းနှီးစွာ ဆွေးနွေး

နေပြည်တော်   ဇန်နဝါရီ   ၂၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် နော်ဝေးနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Jonas Gahr Store ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ ညနေ ၃ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အတူ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်နှင့် ဌာနဆိုင်ရာအကြီးအကဲများတက်ရောက်ကြပြီး နော်ဝေးနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ နော်ဝေးနိုင်ငံ သံအမတ်ကြီး H.E. Ms. Katja Nordgaard တက်ရောက်သည်။

တွေ့ဆုံရာ၌ ပြည်တွင်းနိုင်ငံရေးဖြစ်ပေါ်တိုးတက်မှုများနှင့် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရန်ကိစ္စရပ်များကို ခင်မင်ရင်းနှီးစွာ ဆွေးနွေးကြသည်။

(သတင်းစဉ်)

ကြေးမုံစာတည်းရှုထောင့်

၂၆-၁-၂၀၁၂[ကြာသပတေးနေ့]။

ငွေသာ ပဓာန၊ ငွေသာအဓိက

ငွေကို ချစ်မှ ငွေက ပြန်ချစ်မည်။ ငွေကိုခင်မှ ငွေက ပြန်ခင်မည်။ ကိုငွေခင် မငွေခင်၊ ကိုငွေချစ် မငွေချစ်တို့အတွက် ငွေသည် အလေးထား မြတ်နိုးဖွယ်ဖြစ်ကြောင်း ယနေ့အသိပေးလိုပါသည်။ ငွေသည် တန်ဖိုးရှိသော ဝတ္ထုပစ္စည်းဖြစ်သည်။ လူမှုဘဝအတွက် အရာရာကိုဖန်တီးနိုင်စွမ်းရှိသော အရာဖြစ်သည်။ တန်ဖိုးရှိသောဒြပ်အထည်ပစ္စည်းနှင့် ဖလှယ်နိုင်သောအရာ ဖြစ်သည်။ အချို့နယ်ပယ်များတွင် ငွေသာအဓိက၊ ငွေသာပဓာနဟု ဆိုကြပြန်သည်။

ငွေမပါ ဘယ်အရာမှမပြီးဟုလည်း ဆိုသည်။ လောကမှာ ငွေသည် လူတန်းစားမခွဲခြားဘဲ ဆက်ဆံတတ်သည်ဟုဆိုသည်။ ကောင်းခြင်းဖြစ်သည်လည်း ငွေ၊ မကောင်းခြင်းဖြစ်သည်လည်း ငွေဟု ဆိုကြသည်။ ဘယ်သွားသွား၊ ဘယ်လာလာ၊ ဘာလုပ်လုပ် သူမပါလျှင်မပြီး၊ ငွေ၏ဂုဏ်ပုဒ်၊ ငွေ၏နယ်ပယ် မည်မျှကျယ်ဝန်းနက်နဲသည်ကို အမျိုးမျိုးဆိုကြသည်။ အမှန်အတိုင်းဆိုရလျှင် ငွေကြေးသည်သာလျှင် သင်အလိုရှိသမျှကို ဖြည့်ဆည်းပေးနိုင်သောအရာဖြစ်သည်ဟု ဆိုလျှင်မှားမည်မထင်ပေ။

ထိုငွေကို နိုင်ငံတော်က ဥပဒေစည်းမျဉ်းစည်းကမ်းများနှင့်အညီ ထုတ်ဝေထားခြင်း ဖြစ်သည်။ တန်ဖိုးရှိသည့် ငွေသားတစ်ရွက်၊ ငွေစက္ကူတစ်ရွက်ရရှိရန် မည်မျှအားထုတ်ကြိုးပမ်းရသည်ကို ရှာဖွေလုပ်ကိုင်ရသူအဖို့ သိပြီးဖြစ်မည်။ ထိုမျှတန်ဖိုးရှိသောငွေကို တန်ဖိုးရှိရှိအသုံးပြုရန်လိုမည်ကို သိချင်မှလည်းသိမည်။ ငွေကို ခက်ခက်ခဲခဲ ရှာဖွေရယူနေရသည်က အမှန်။ သို့သော် တန်ဖိုးထားရကောင်းမှန်း မသိသည်ကလည်း အမှန်ဖြစ်သည်။

အမှန်စင်စစ် ငွေသည်တန်ဖိုးထားအပ်သော အရာသာဖြစ်သည်။ နိုင်ငံတကာတွင် သူ့နိုင်ငံ၏ ငွေကြေးများကို တန်ဖိုးရှိရှိသုံးစွဲကြသည်။ တန်ဖိုးရှိရှိသုံးစွဲနိုင်ရန် တန်ဖိုးရှိရှိကိုင်တွယ်ကြသည်။ ငွေစက္ကူကို မိမိပိုက်ဆံအိတ်တွင် တရိုတသေ ထည့်သွင်းသိမ်းဆည်းကြသည်။ ခေါက်ရာ ကြေရာ တွန့်ရာမရှိအောင် ထားကြသည်။ အစွန်းအထင်း၊ အညစ်အပေမရှိအောင် ကိုင်တွယ်ကြသည်။ စွန်းထင်းညစ်ပေစုတ်ပြဲလျှင် မည်သည့်နေရာတွင်မှ လက်မခံ။ ဤမျှ တန်ဖိုးထားကြသဖြင့် သူတို့ငွေများမှာ တန်ဖိုးရှိကြသည်။

ကျွန်ုပ်တို့ဆီတွင် အချို့နေရာများ၌ ဤသို့မဟုတ်သည်ကို တွေ့မြင်နေရသည်။ များသောအားဖြင့် ပြည်သူများလက်ဝယ်တွင် တွေ့ရခဲပြီး ရောင်းရေးဝယ်တာ ပုံကျဈေးကွက်များတွင် တွေ့နေရတတ်သည်။ ဈေးများနှင့် ခရီးသည်ကားများ၌လည်း တွေ့ရတတ်သည်။ တန်ဖိုးရှိသောငွေစက္ကူကို တွန့်လိမ်ခေါက်ချိုးပစ်ကြသည်။ စွန်းထင်းပေကျန်အောင်လည်း ကိုင်တွယ်ကြသည်။ ဟိုကြား သည်ကြားလည်း ထားတတ်ကြသည်။ အလှူမင်္ဂလာပွဲများတွင် ကော်ဖြင့် ကပ်၍လည်းကောင်း၊ ချုပ်စက်ဖြင့် ချုပ်၍လည်းကောင်း ပဒေသာပင် သီးကြသည်။ မသိနားမလည်သောသူများက ငွေစက္ကူပေါ်တွင် ဂဏန်းများရေးခြစ်ပစ်ကြသည်။ အစုတ်အပြဲကို တိပ်ဗရပွကပ်ကြသည်။ ထိုငွေကို သုံးသည့်သူကလည်းသုံး၊ ယူသည့်သူကလည်း ယူကြသည်။

နိုင်ငံတော်က ဟောင်းနွမ်းသောငွေစက္ကူများကို အလျဉ်းသင့်သလို လဲလှယ်ပေးလျက်ရှိသည်။ မည်မျှပင်လဲလဲ လိုက်နာစောင့်ထိန်းမှုမရှိသဖြင့် အဟောင်းအစုတ်သံသရာသည် လည်မြဲလည်လျက်ရှိသည်။ ကျွန်ုပ်တို့သည် ငွေကြေးကို တန်ဖိုးရှိရှိ ကိုင်တွယ်သုံးစွဲချင်ကြသည်။ ငွေတန်ဖိုးရှိအောင်လည်း လုပ်ဆောင်လျက်ရှိကြသည်။ သို့သော် ငွေကို တန်ဖိုးမရှိအောင် အလေးမမူ၊ ဂရုမပြု မလုပ်မိဖို့တော့လိုသည်။

ငွေသည် မြတ်နိုးဖွယ်ရာသာ ဖြစ်သည်။ ခင်တွယ်ဖွယ်၊ တပ်မက်ဖွယ်သာဖြစ်သည်။ လူတိုင်း ငွေကို လိုချင်ကြသည်။ ငွေမရှိ မနေတတ်ဖြစ်ကြရသည်။ ဤမျှအလေးအနက်ထားဖွယ်ဖြစ်သော ထိုငွေကို အမြတ်တနိုး တန်ဖိုးထားကာ ရိုရိုသေသေ ကိုင်တွယ်သုံးစွဲသင့်ပေသည်။ သို့မှသာ တန်ဖိုးရှိသောငွေ ဖြစ်လာမည်ဖြစ်ပါသည်။ ။

ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး၏ဇနီး ဒေါ်ခင်စောနှင်း တနင်္သာရီတိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်လူမှုရေးအသင်းတို့မှ အသင်းဝင်များနှင့်တွေ့ဆုံ၍ အလှူငွေများပေးအပ်လှူဒါန်း

နေပြည်တော် ဇန်နဝါရီ ၂၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး၏ဇနီး ဒေါ်ခင်စောနှင်းသည် တနင်္သာရီတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နှင့် တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌများလိုက်ပါလျက် ဇန်နဝါရီ ၂၃ ရက် နံနက်ပိုင်းတွင် ထားဝယ်မြို့ တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးခန်းမ၌ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များအား တွေ့ဆုံသည်။

ရှေးဦးစွာ ဒုတိယသမ္မတ၏ဇနီး ဒေါ်ခင်စောနှင်းက နှုတ်ခွန်းဆက်စကားပြောကြားသည်။

ယင်းနောက် ဒုတိယသမ္မတ၏ဇနီးအား တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နှင့် တိုင်းဒေသကြီး မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌတို့က လုပ်ငန်းဆောင်ရွက်မှု၊ အသင်းဝင်အင်အားတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယသမ္မတ၏ဇနီးက တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းတို့အတွက် အလှူငွေများပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံကြသည်။ (သတင်းစဉ်)

ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး၏ဇနီး ဒေါ်ခင်စောနှင်း တနင်္သာရီတိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့အတွက် အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၂၅ - ၁ -၂၀၁၂

ငွေကြေးစနစ်	တစ်ဒေါ်လာလျှင်ယူနစ်	တစ်ယူနစ်လျှင်ဒေါ်လာ
ထိုင်း (ဘတ်)	၃၁. ၆၀၀၀	၀. ၀၃၁၆၅
တရုတ် (ယွမ်)	၆. ၃၃၇၈၀	၀. ၁၅၇၇၈
အိန္ဒိယ (ရူပီး)	၅၀. ၁၀၇၅	၀. ၀၁၉၉၆
မလေးရှား (ရင်းဂစ်)	၃. ၀၇၈၅၀	၀. ၃၂၄၈၃
စင်ကာပူ (ဒေါ်လာ)	၁. ၂၇၀၃၅	၀. ၇၈၇၁၈
ဂျပန် (ယန်း)	၇၈. ၀၃၂၉	၀. ၀၁၂၈၂
တောင်ကိုရီးယား(ဝမ်)	၁၁၂၅. ၄၀	၀. ၀၀၀၈၉
ယူရို	၀. ၇၇၁၆၇	၁. ၂၉၅၈၈
ဗြိတိသျှ (ပေါင်)	၀. ၆၄၂၅၂	၁. ၅၅၆၃၇

အင်တာနက်။



ရန်ကုန်တိုင်းဒေသကြီး သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးရုံး ကြို့ကုန်းရှိ တော်ဝင်ခန်းမ၌ မီးဘေးကြိုတင်ကာကွယ်ရေးနှင့် ပညာပေးဟောပြောပွဲ ကျင်းပရာ အရာထမ်း၊ အမှုထမ်း၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၂၀၀ ခန့် တက်ရောက်ကြပြီး အင်းစိန်မြို့နယ် မီးသတ်ဦးစီးဌာနမှူး ဦးဇော်ဝင်း ပညာပေးဟောပြောစဉ်။ (မြန်မာ့သစ်လုပ်ငန်း)

ဈေးကွက်သတင်းစုဆောင်းခြင်းနှင့် သုံးသပ်ခြင်းသင်တန်းဖွင့်ပွဲ ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၅

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်တို့ပူးပေါင်း၍ EC - FAO Food Security Programme၏ ပံ့ပိုးကူညီမှုဖြင့် ဈေးကွက်သတင်းစုဆောင်းခြင်းနှင့် သုံးသပ်ခြင်းဆိုင်ရာသင်တန်းဖွင့်ပွဲကို ဇန်နဝါရီ ၂၄ ရက် မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် သင်တန်းခန်းမ၌ ကျင်းပသည်။

သင်တန်းတွင် ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO) မှ အကြံပေး ပေါ်တူဂီလ် Mr. Tiago Scqueira Wandschneider က ဈေးနှုန်း၊ ဈေးကွက်နှင့် ပတ်သက်၍ ဈေးကွက်သတင်းစုဆောင်းခြင်းနှင့် သုံးသပ်ချက် ရေးဆွဲခြင်းတို့ကို ဇန်နဝါရီ ၂၄ ရက်မှ ၂၇ ရက်ထိ ပို့ချမည်ဖြစ်သည်။ သင်တန်းသို့ သင်တန်းသား သင်တန်းသူ ၂၁ ဦး တက်ရောက်ကြသည်။

(အောင်သူ)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၂၆-၁-၂၀၁၂ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၃ ၁။ နိုင်ငံတော်သီချင်း
၇း၀၅ ၂။ တရားတော်
၈း၀၀ ၃။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၅ ၄။ ဇာတ်လမ်းတို

ညပိုင်း

၄း၀၂ ၁။ နိုင်ငံတော်သီချင်း
၄း၄၀ ၂။ ချစ်သူစုံတွဲတူယှဉ်နွဲ
၄း၅၀ ၃။ ဗွီစီဒီကျော်ကြားတေး
၅း၀၀ ၄။ အားလုံးရဲ့တာဝန်
၅း၀၅ ၅။ မီးသတိပေးနှိုးဆော်ချက်
၅း၃၀ ၆။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -မာယာနှုတ်ခမ်း (အပိုင်း-၁၃၈)**
၆း၀၀ ၇။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၃၀ ၈။ ထူးဆန်းထွေလာ မျက်လှည့်ပညာ
၆း၄၅ ၉။ ကာတွန်းအစီအစဉ် -စူပါဟမ်းစတား (အပိုင်း-၁၉)
၇း၀၀ ၁၀။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -သစ္စာစေတမာန် (အပိုင်း-၁၀)**
၈း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၁၂။ နိုင်ငံတကာသတင်း
၁၃။ မိုးလေဝသသတင်း
၁၄။ အနုပညာရှင်၏တစ်နေ့တာ
၁၅။ လျှပ်တစ်ပြက်
၁၆။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၁၇။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -တစ်နေ့သောအခါ (အပိုင်း-၉)**

မန္တလေးကုန်စည်ဈေးနှုန်း

(၂၅-၁-၂၀၁၂)

ရွှေဈေး

အခေါက်ရွှေ(အဆင့်-၁)	၇၁၈၀၀၀
အခေါက်ရွှေ(အဆင့်-၂)	၇၁၄၅၀၀
ရွှေဒင်္ဂါး (ရွှေရည်မီ)	၆၄၄၀၀၀

ဆန်ဈေး
(သန့်စင်ပြီး တစ်တင်းခွဲအိတ်ဈေးနှုန်း)

ပေါ်ဆန်းမွှေး	၃၀၀၀၀
ရွှေဘိုမနော်	၁၈၀၀၀
မဂျမ်းတော	၁၈၀၀၀
စောရှုပ်(ဟောင်း)	၂၅၀၀၀
စောရှုပ်(သစ်)	၂၁၀၀၀
ပေါ်ကျွဲ(ဟောင်း)	၂၂၀၀၀
ပေါ်ကျွဲ(သစ်)	၁၉၅၀၀
ဧယာ(ဟောင်း)	၂၁၅၀၀
ဧယာ(သစ်)	၁၅၅၀၀
ငစိန်	၁၂၅၀၀/၁၃၀၀၀
ဧရာမင်း(ဟောင်း)	၁၅၀၀၀/၁၆၀၀၀
သုခ-မတ္တရာ	၁၂၅၀၀/၁၃၀၀၀
ရွှေသွယ်	၁၁၅၀၀/၁၂၀၀၀

ဆီဈေး

ပဲဆီ	၃၀၀၀/၃၅၀၀
နှမ်းဆီ	၂၄၅၀/၂၅၅၀
ပန်းနှမ်းဆီ	၂၅၀၀/၂၅၅၀
နေကြာဆီ	၂၄၅၀/၂၆၀၀
မုန်ညင်းဆီ	၂၇၀၀/၂၇၀၀
ပဲပုပ်ဆီ	၁၉၀၀/၁၉၅၀
ဝါစေ့ဆီ	၁၇၀၀/၁၇၅၀
စားအုန်းဆီ	၁၈၄၀/၁၈၆၀
ကြက်ဆူဆီ	၃၀၀၀

သကြားခိုင်ဈေးနှုန်း

ခါသကြား	၅၉၀/၆၀၀/၆၁၀
ပွတ်သား	၄၆၀/၄၇၀/၄၈၀
ခါရေ	၂၉၀/၃၀၀
ပေါင်းရေ	၂၃၀/၂၅၀/၂၆၅

ပေါင်းသကြားစက်ရုံဈေး

ထိပ်စ A	၈၈၀
လတ်စ B	၈၇၀
အောက် C	၈၆၀

စက်သုံးဆီ

ရေနံစိမ်း(တစ်စည်)	၁၁၂ ဒသမ ၈၀ ဒေါ်လာ
ဓာတ်ဆီ (တစ်ဂါလန်)	၃၅၀၀/၃၉၀၀/၄၀၀၀
ဒီဇယ်ဆီ(တစ်ဂါလန်)	၃၂၀၀/၃၆၀၀

(၀၀၂)

မိမိရပ်ရွာ/ရပ်ကွက်တွင်

(က) လမ်းသွားရင်း ဆေးလိပ်မသောက်ပါနှင့်။
(ခ) မီးသတ်ယာဉ်များ ဝင်/ထွက် သွားလာနိုင်အောင် လမ်းများပြုပြင်ရှင်းလင်းထားပါ။
(ဂ) သဘာဝရေကန်၊ အုတ်ရေကန်များ တူးဖော်ဆောက်လုပ်ပါ။
(ဃ) ရပ်ကွက်အတွင်း လူနေအိမ်များ စနစ်တကျ ဆောက်လုပ်ပါ၊ အိမ်နံဘေး အဖီအဆွယ် နေထိုင်ခြင်းများကို ရှောင်ကြဉ်ပါ။
(င) မီးကို စနစ်တကျ သုံးစွဲရေးအတွက် နှိုးဆော်ပေးပါ။ **မီးသတ်ဦးစီးဌာန။**

ဗီဒီယိုလုပ်ငန်းလိုင်စင် နေ့ချင်းပြီးဆောင်ရွက်ပေး

လားရှိုး ဇန်နဝါရီ ၂၅

ရှမ်းပြည်နယ် ဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေးကော်မတီ တွဲဖက်အတွင်းရေးမှူး(၁) မြန်မာ့ရုပ်ရှင်လုပ်ငန်းမှ ဌာနခွဲမှူး(လုပ်ငန်းစု) ဦးလှိုင်ဖြိုးနှင့် ပြည်နယ်ဗီဒီယိုလုပ်ငန်း ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ခေါင်းဆောင် ဦးစိုင်းခမ်းလီ၊ ဒုတိယခေါင်းဆောင် ဦးကျော်နိုင်သင်းတို့နှင့်အတူ ပြည်နယ်တွင်း မြို့နယ်အသီးသီးရှိ ဗီဒီယိုလုပ်ငန်းရှင်များ လုပ်ငန်းလိုင်စင် သက်တမ်းလုပ်ထုံးလုပ်နည်းများနှင့်အညီဖြစ်ရေး ကွင်းဆင်းစစ်ဆေးလျက်ရှိသည်။

ယင်းသို့ ကွင်းဆင်းစစ်ဆေးရာ၌ ဇန်နဝါရီ ၉ ရက်တွင် တန့်ယန်းမြို့သို့ရောက်ရှိ၍ ဗီဒီယိုလုပ်ငန်းရှင်များနှင့် တွေ့ဆုံစိစစ်၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ နေ့ချင်းပြီး One Stop Service ဖြင့် လုပ်ငန်းလိုင်စင်များကို လုပ်ငန်းရှင်များလက်သို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညွန့်လှိုင်နှင့်အတူ ပေးအပ်ခဲ့သည်။

အလားတူပင် ဇန်နဝါရီ ၁၁ ရက်တွင် မိုင်းရယ်မြို့၌ ဗီဒီယိုလုပ်ငန်းရှင်များနှင့် တွေ့ဆုံကာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအာကာစိုးနှင့်အတူ လုပ်ငန်းလိုင်စင်များ ပေးအပ်ခဲ့ကြောင်းသိရသည်။ (၅၃၃)

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း နော်ဝေးနိုင်ငံခြားရေး ဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Jonas Gahr Store အား နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိ အစည်းအဝေးဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း နော်ဝေးနိုင်ငံခြားရေးဝန်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၂၅

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် နော်ဝေးနိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Jonas Gahr Store ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိ အစည်းအဝေးဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ ပြည်သူ့လွှတ်တော်ကော်မတီဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများ တက်ရောက်ကြပြီး နော်ဝေးနိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ နော်ဝေးနိုင်ငံသံအမတ်ကြီး H.E. Ms. Katja Nordgaard လည်း တက်ရောက်သည်။

ထိုသို့ တွေ့ဆုံကြစဉ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက မြန်မာ-နော်ဝေး နှစ်နိုင်ငံဆက်ဆံရေး တိုးမြှင့်ဆောင်ရွက်သွားရေး၊ လွှတ်တော်အနေဖြင့် ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် မြန်မာ-နော်ဝေးလွှတ်တော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်ရေးတို့နှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးပြောကြားသည်။

နော်ဝေးနိုင်ငံခြားရေးဝန်ကြီးကလည်း မြန်မာနိုင်ငံ၏ ဒီမိုကရေစီပြုပြင်ပြောင်းလဲမှုများကို အားရကျေနပ်ပါကြောင်း၊ မြန်မာနိုင်ငံတွင် နော်ဝေးကုမ္ပဏီများ စီးပွားရေးလုပ်ပိုင်ခွင့် ပိတ်ပင်ထားမှုကို ပြန်လည်ရုပ်သိမ်းပေးခဲ့ပါကြောင်း၊ မြန်မာနိုင်ငံမှ တင်ပို့သော ကုန်ပစ္စည်းများကို အထွေထွေ အထူးအခွင့်အရေးပေးရန် စဉ်းစားဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ခင်မင်ရင်းနှီးစွာ ပြန်လည်ဆွေးနွေး ပြောကြားသည်။

(သတင်းစဉ်)

ဒုတိယဝန်ကြီး ဦးဝင်းသန်းအား 2011 IMF Article IV Consultation Mission မှ ဧည့်သည်တွေ့

နေပြည်တော် ဇန်နဝါရီ ၂၅

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းသန်းအား 2011 IMF Article IV Consultation Mission အဖွဲ့ဝင် Senior Advisor to Executive Director Ms. Peishan Yeo သည် ဇန်နဝါရီ ၂၃ ရက် နံနက်ပိုင်းတွင် အဆိုပါဝန်ကြီးရုံး၌ လာရောက်တွေ့ဆုံပြီး မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအပေါ် မစ်ရှင်အဖွဲ့၏ အစီရင်ခံစာဆိုင်ရာကိစ္စရပ်များ၊ ယင်းအစီရင်ခံစာအပေါ် IMF ဒါရိုက်တာဘုတ်အဖွဲ့က ဆွေးနွေးမည့်အခြေအနေများနှင့် မြန်မာနိုင်ငံသို့ IMF မှ နည်းပညာအကူအညီပေးရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။**(အောက်ပုံ)**

(သတင်းစဉ်)

မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်၌ ဟောပြောပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၅

မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံပုဂ္ဂလိကလုပ်ငန်းရှင်များအသင်းတို့၏ ပူးပေါင်းစီစဉ်မှု "SUN MYANMAR INT'L IMPEX CO., LTD." ၏ ကူညီပံ့ပိုးမှုတို့ဖြင့် ဇန်နဝါရီ ၂၈ ရက်(စနေနေ့) မွန်းလွဲ ၂ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် အနောက်ကြို့ကုန်း ဘုရင့်နောင်လမ်းမကြီးရှိ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် သီရိအဏ္ဏဝါခန်းမ၌ စာရေးဆရာ ရဲမြင့်(စွန့်ဦးတီထွင်)က "ခေါင်းဆောင်ကောင်းဖြစ်မည့် ကိုယ်ကျင့်တရား" "ETHICS" ခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးမည်ဖြစ်၍ စိတ်ပါဝင်စားသူ မည်သူမဆိုတက်ရောက်နိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့

နေပြည်တော် ဇန်နဝါရီ ၂၆

၂၀၁၂ ခုနှစ် ဇန်နဝါရီ ၂၆ ရက်တွင် ကျရောက်သော အိန္ဒိယသမ္မတနိုင်ငံတည်ထောင်သည့် နှစ်ပတ်လည်အမျိုးသားနေ့ အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီးဌာန ဝန်ကြီး မစ္စတာ အက်စ် အမ်ကရစ္စနားထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့

နေပြည်တော် ဇန်နဝါရီ ၂၆

၂၀၁၂ ခုနှစ် ဇန်နဝါရီ ၂၆ ရက်တွင် ကျရောက်သည့် ဩစတြေးလျနိုင်ငံ အမျိုးသားနေ့၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ ဩစတြေးလျနိုင်ငံ နိုင်ငံခြားရေးနှင့် ကုန်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ ကယ်ဗင် မိုက်ကယ်လ်ရာ့ဒ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

အနောက်တိုင်းဆေးဝါးရောနှောပြီး မှတ်ပုံတင်ထားခြင်းမရှိသော တိုင်းရင်းဆေးဝါးများဖြစ်၍ အများပြည်သူများ သုံးစွဲရန်မသင့်ကြောင်း နှိုးဆော်ချက်

ကျန်းမာရေးဝန်ကြီးဌာနသည် အရည်အသွေးစစ်မှန်ကောင်းမွန်ပြီး ဘေးဥပဒ်အန္တရာယ်ကင်းရှင်းကာ အကျိုးအာနိသင်ရှိသော တိုင်းရင်းဆေးဝါးများကို အများပြည်သူတို့ သုံးစွဲနိုင်ရန် စဉ်ဆက်မပြတ် စနစ်တကျ စစ်ဆေးလျက်ရှိသည်။

ယင်းသို့ စစ်ဆေးရာတွင် ဈေးကွက်အတွင်းရောင်းချလျက်ရှိသော အောက်ဖော်ပြပါ တိုင်းရင်းဆေးဝါးများသည် အနောက်တိုင်းဆေးဝါးရောနှောပြီး တိုင်းရင်းဆေးဝါးမှတ်ပုံတင်ထားခြင်းမရှိသည့် ဆေးဝါးများဖြစ်၍ စစ်မှန်အစွမ်းထက်မှုကို အာမခံချက်မပေးနိုင်သောကြောင့် အများပြည်သူများ သုံးစွဲရန် မသင့်လျော်ကြောင်း အသိပေးအပ်ပါသည်-

စဉ်	ဆေးဝါးအမည်	ထုတ်လုပ်/ဖြန့်ချိဌာန	မှတ်ချက်
၁	တိုင်းမြို့သူ လေးဖက်နာနှင့် နှာစေး နှာပိတ်ပျောက်ဆေး	ဒေါ်ဖြိုးဖြိုးဇော်၊ တိုက်-၁၂၊ အခန်း(၂၅)၊ ပြည်ကြီးရိပ်မွန် (၆)ရပ်ကွက်၊ ကမာရွတ်မြို့နယ်	အနောက်တိုင်းဆေးဝါးရော၊ မှတ်ပုံတင်မရှိ
၂	ဝိဇ္ဇာ သန်ချအားတိုးဆေး	လိပ်စာမပါ	အနောက်တိုင်းဆေးဝါးရော၊ မှတ်ပုံတင်မရှိ
၃	နှင်းဆီတစ်ပွင့် မုဆိုးကျော်ဆေး	လိပ်စာမပါ	မှတ်ပုံတင်မရှိ
၄	နဂါးနှစ်ကောင် လေပန်း၊ သလိပ်ပန်း၊ ချွဲကြေဆေး	နဂါးနှစ်ကောင်ဆေးတိုက်	မှတ်ပုံတင်မရှိ
၅	နဂါးနှစ်ကောင် ချောင်းဆိုးပျောက်ဆေးကြီး	နဂါးနှစ်ကောင်ဆေးတိုက်	မှတ်ပုံတင်မရှိ
၆	ဇော်ဂျီ-ခါတ်ထိန်းဖြေဆေးကြီး	လိပ်စာမပါ	မှတ်ပုံတင်မရှိ
၇	မြင်းနီ-အရိုးဆက်အကြောပြေဆေး	လိပ်စာမပါ	မှတ်ပုံတင်မရှိ
၈	သမားတော်ကြီးဆရာရှိန် အပူသတ်ဆေးချို	အမှတ်(၃၀၂)၊ ရန်ရှင်းလမ်း ဟသ်ာတမြို့	မှတ်ပုံတင်မရှိ
၉	ဒေါင်း-ဝမ်းနှင့် လေဆန်နာ၊ သူငယ်နာပျောက်ဆေး	၃၅၉၊ ညောင်ပင်ဈေး၊ ဟသ်ာတမြို့	မှတ်ပုံတင်မရှိ
၁၀	ရွှေပဒုမ္မာ-အစာကြေရသင့်ဆေးပြား	ရွှေပဒုမ္မာ တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး (၅၇၇)၊ အေရုံ၊ သိမ်ကြီးဈေး၊ ရန်ကုန်မြို့	မှတ်ပုံတင်မရှိ
၁၁	နာမည်ကျော်သွားတံဆိပ် သွားတိုက်ဆေး	အမှတ်(၁၁၄)၊ သုခလမ်း (၉)ရပ်ကွက်နှင့် ဈေးအတွင်း၊ ဓနုဖြူမြို့	မှတ်ပုံတင်မရှိ

အများပြည်သူတို့အနေဖြင့် ကျန်းမာရေးဝန်ကြီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာနတွင် မှတ်ပုံတင်ထားခြင်းမရှိသော ဆေးဝါးများ၊ မှတ်ပုံတင်သက်တမ်းလွန်သောဆေးဝါးများ၊ အနောက်တိုင်းဆေးရောနှောထားသော ဆေးဝါးများကို ဝယ်ယူခြင်းမပြုကြရန်နှင့် တိုင်းရင်းဆေးပညာဦးစီးဌာနတွင် မှတ်ပုံတင်ထားသော ဆေးဝါးများကိုသာ စူးစမ်းဝယ်ယူသုံးစွဲရန် နှိုးဆော်အပ်ပါသည်။

တိုင်းရင်းဆေးဝါးထုတ်လုပ်ဖြန့်ဖြူးသည့် လုပ်ငန်းရှင်နှင့် ဆေးဝါးရောင်းချသည့် ဆေးဆိုင်များသည် တိုင်းရင်းဆေးပညာဦးစီးဌာနတွင် မှတ်ပုံတင်ထားခြင်းမရှိသော အထက်ပါ စံမညီဆေးဝါးများအား ထုတ်လုပ်တင်သွင်းဖြန့်ဖြူးရောင်းချခြင်း လုံးဝမပြုလုပ်ရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းက တည်ဆဲဥပဒေအရ ပြင်းထန်စွာ အရေးယူမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

မူးယစ်ကိုပစ် ပန်းတိုင်သစ် စိတ်သစ်လူသစ် ဘဝသစ်

 နိုင်ငံတကာသတင်းများ နိုင်ငံတကာသတင်းများ

မြန်မာနိုင်ငံအပေါ် ပိတ်ပင်ထားမှုများ အီးယူရုပ်သိမ်းပေးသွားမည်

ဘရပ်ဆဲလ် ဇန်နဝါရီ ၂၅

မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲမှုများအပေါ် အီးယူအဖွဲ့ဝင်နိုင်ငံများက စောင့်ကြည့်လာခဲ့ရာ မကြာသေးမီက အီးယူအဖွဲ့မှ နိုင်ငံခြားရေးဝန်ကြီးအချို့ မြန်မာနိုင်ငံသို့ ရောက်ရှိလေ့လာခဲ့ကြပြီးနောက် အားရကျေနပ်မှုရှိသဖြင့် မြန်မာနိုင်ငံအပေါ် ပိတ်ဆို့ထားမှုများကို ရုပ်သိမ်းပေးသွားရန် အီးယူနိုင်ငံခြားရေးဝန်ကြီးများက သဘောတူဆုံးဖြတ်ခဲ့ကြကြောင်း ရိုက်တာသတင်းဌာနက ဇန်နဝါရီ ၂၄ ရက် ရက်စွဲဖြင့် သတင်းတစ်ရပ်ထုတ်ပြန်ခဲ့သည်။ အဆိုပါ သတင်းထုတ်ပြန်ချက်မှ အချို့ကိုအောက်ပါအတိုင်း ကောက်နုတ်ဖော်ပြလိုက်ပါသည်-

မြန်မာနိုင်ငံတွင် ရာနှင့်ချီသော နိုင်ငံရေးအကျဉ်းသားများကို လွှတ်ပေးခြင်းအပါအဝင် ပြုပြင်ပြောင်းလဲမှုများ တွေ့ရပြီးနောက် ဥရောပသမဂ္ဂ (အီးယူ)က မြန်မာနိုင်ငံမှထိပ်တန်းအရာရှိများအပေါ် ကန့်သတ်ထားသည့် ခရီးသွားလာခြင်းဆိုင်ရာ ပိတ်ပင်မှုများကို ရုပ်သိမ်းပေးမည်ဖြစ်ကြောင်း ရိုက်တာသတင်းဌာန၏ သတင်းထုတ်ပြန်ချက်တစ်ရပ်တွင် ဖော်ပြလိုက်သည်။

ဇန်နဝါရီ ၂၃ ရက် (တနင်္လာနေ့)က ဆုံးဖြတ်လိုက်သည့် အီးယူနိုင်ငံခြားရေးဝန်ကြီးများ၏ သဘောတူညီချက်အရ ထိုသို့ ကန့်သတ်ထားသည့် ခရီးသွားပိတ်ပင်ထားမှုများကို ရုပ်သိမ်းပေးမည်ဖြစ်ကြောင်း အီးယူက ကြေညာလိုက်ခြင်း ဖြစ်သည်။

ထို့ပြင် သိသာထင်ရှားသည့် နိုင်ငံရေးပြုပြင်ပြောင်းလဲမှု ဆက်လက်တွေ့မြင်ရလျှင် ဧပြီလအတွင်း မြန်မာနိုင်ငံအပေါ် အရေးယူပိတ်ပင်မှုများကို ထပ်မံလျှော့ပေါ့ပေးမည့်အပြင် စီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးမှုအတွက် အကူအညီပေးမည်ဟု အီးယူနိုင်ငံခြားရေးဝန်ကြီးများက ပြောကြားလိုက်သည်။

"ကန့်သတ်ချုပ်ချယ်မှုများလျှော့ပြီး ဒီမိုကရေစီကျင့်သုံးရန် မြန်မာအစိုးရ၏ အမှန်တကယ်စိတ်အားထက်သန်မှုကို မိမိမြင်တွေ့ရကြောင်း၊ ဧပြီ ၁ ရက်တွင် ကျင်းပမည့် ရွေးကောက်ပွဲအခြေအနေကို စောင့်ကြည့်လျက်ရှိကြောင်း၊ ဒီမိုကရေစီလုပ်ငန်းစဉ် ရှေ့ဆက်ဖော်ဆောင်သွားမည်ဆိုလျှင် မိမိတို့ဘက်ကလည်း အရေးယူပိတ်ပင်မှုများကို တိုး၍ တိုး၍ ရုပ်သိမ်းပေးသွားမည်ဖြစ်ကြောင်း" ပြင်သစ်နိုင်ငံခြားရေးဝန်ကြီး Alain Juppe က သတင်းစာရှင်းလင်းပွဲတွင် ပြောကြားလိုက်သည်။

အာရှတိုက်တွင် မြန်မာနိုင်ငံ၏ မဟာဗျူဟာမြောက်တည်ရှိမှုနှင့် မြန်မာနိုင်ငံ၏ သယံဇာတအရင်းအမြစ်များကြောင့် အနောက်အုပ်စုနိုင်ငံများကရော ယင်း၏အိမ်နီးချင်းနိုင်ငံများကပါ မြန်မာနိုင်ငံကို ပိုမိုစိတ်ဝင်စားလာကြခြင်းဖြစ်သည်။

မြန်မာနိုင်ငံ၌ ပြီးခဲ့သည့် ရက်သတ္တပတ်များ၊ လများအတွင်းက ထူးခြားသည့် ပြုပြင်ပြောင်းလဲမှုများရှိကြောင်း အီးယူနိုင်ငံခြားရေးမူဝါဒဆိုင်ရာအကြီးအကဲ Catherine Ashton က ပြောကြားခဲ့သည့်အပြင် ဗြိတိန်နိုင်ငံခြားရေးဝန်ကြီး William Hague ကလည်း ထိုတိုးတက်မှုကို အသိအမှတ်ပြုရမည်ဖြစ်ကြောင်း၊ ၎င်းမှာ အရေးကြီးသည့်အချက်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

မြန်မာနိုင်ငံ၌ ၂၀၁၀ ခုနှစ် ရွေးကောက်ပွဲအပြီး လွန်ခဲ့သည့် မတ်လက တပ်မတော်အစိုးရထံမှ အစိုးရသစ်က တာဝန်လွှဲပြောင်းယူလိုက်သည့်အခါတွင် ပြုပြင်ပြောင်းလဲမှုများကို မြင်တွေ့ရသည်။ ပြုပြင်ပြောင်းလဲမှုများတွင် မီဒီယာထိန်းချုပ်မှုများနှင့် အခြားသောဥပဒေများကို လျှော့ပေါ့ပေးခြင်းများ၊ တိုင်းရင်းသားလူမျိုးစု လက်နက်ကိုင်အုပ်စုများနှင့် ငြိမ်းချမ်းရေးဆွေးနွေးခြင်းများ၊ နိုင်ငံရေးအကျဉ်းသားများ ရာချီ၍ လွှတ်ပေးခြင်းတို့ ပါဝင်သည်။ **အမ်အင်န်အေ/ရိုက်တာ**

ဂျပန်နိုင်ငံ တိုယိုတာမော်တော်ယာဉ် ထုတ်လုပ်ရေးစက်ရုံကို တွေ့ရစဉ်။

ဂျပန်နိုင်ငံတွင် ၃၁ နှစ်အတွင်း ပထမဆုံးအကြိမ် ကုန်သွယ်ရေးလိုငွေပြမှုဖြစ်ပေါ်

တိုကျို ဇန်နဝါရီ ၂၅

ဂျပန်နိုင်ငံတွင် ၃၁ နှစ်အတွင်း ပထမဆုံးအကြိမ် ကုန်သွယ်ရေးလိုငွေပြမှုဖြစ်ပေါ်ခဲ့ကြောင်း၊ ၂၀၁၁ ခုနှစ်တွင် ဖြစ်ပွားခဲ့သော မြေငလျင်နှင့် ဆူနာမီရေလှိုင်း သဘာဝဘေးအန္တရာယ်ကြောင့် နျူကလီးယားအကျပ်အတည်း ဖြစ်ပေါ်ခဲ့ရပြီးနောက် ကုန်သွယ်ရေးလိုငွေပြခြင်းဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။

ဂျပန်ဘဏ္ဍာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ လွန်ခဲ့သည့်နှစ်တွင် ကုန်သွယ်ရေးလိုငွေပြမှု ယန်းငွေ ၂ ဒသမ ၄၉ ထရီလီယံ(ဒေါ်လာ ၃၂ဘီလီယံ)အထိရှိကြောင်း သိရသည်။ ကုန်သွယ်ရေးလိုငွေပြမှုသည် နှစ်ပေါင်း ၃၁ နှစ်အတွင်း ပထမဆုံး အကြိမ်ဖြစ်သည်။

ကုန်သွယ်ရေးလိုငွေပြမှုမှာ ယမန်နှစ်မတ်လက မြေငလျင်လှုပ်မှုနှင့် ဆူနာမီရေလှိုင်းရိုက်ခတ်မှုတို့၏ အကျိုးဆက်ကြောင့် ဖြစ်ရကြောင်း အစိုးရက အကြောင်းပြခဲ့သည်။

ဂျပန်ယန်းငွေ တန်ဖိုးတက်လာမှုကြောင့် နိုင်ငံ၏ပို့ကုန်ကဏ္ဍအပေါ် ထိခိုက်ခဲ့ရပြီး လောင်စာဆီဈေးနှုန်း မြင့်မားလာမှု၊ အီရန်နိုင်ငံ၏ ရေနံတင်ပို့မှုအပေါ် ပိတ်ဆို့အရေးယူမှုတို့ကလည်း ကုန်သွယ်ရေးလိုငွေပြမှုကို ပို၍ဆိုးရွားစေခဲ့ကြောင်း လေ့လာသူများက ပြောကြားခဲ့ကြသည်။ ***အင်တာနက်။***

နယူးဒေလီ-မွမ်ဘိုင်း အမြန်ရထားများ ခုတ်မောင်းနိုင်ရေးစီမံကိန်း ဆောင်ရွက်မည်

နယူးဒေလီ ဇန်နဝါရီ ၂၅

အိန္ဒိယနိုင်ငံ၌ မြို့တော်နယူးဒေလီနှင့် မွမ်ဘိုင်းမြို့(ယခင်ဘုံဘေမြို့)အကြား အမြန်ရထားများ ခုတ်မောင်း ပြေးဆွဲသွားနိုင်ရန် အစိုးရက စီမံကိန်းတစ်ရပ်ကို စတင်အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း သတင်းဌာနများက ဇန်နဝါရီ ၂၅ရက်တွင် သတင်းထုတ်ပြန်သည်။

အိန္ဒိယနိုင်ငံ၌ အမြန်ရထားခရီးစဉ်များ တိုးချဲ့နိုင်ရေးအတွက် ဂျပန်နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရထားလုပ်ငန်းဝန်ကြီးဌာန အထက်တန်းတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

"ရွှေရထားလမ်း"ဟုအမည်ပေးထားသော ဒေလီ-မွမ်ဘိုင်း အမြန်ရထားလိုင်းအတွက် စီမံကိန်းတစ်ရပ်ကို စတင်အကောင်အထည်ဖော်လျက်ရှိကြောင်း ၎င်းက ပြောကြားသည်။

အိန္ဒိယရထားလုပ်ငန်းဝန်ကြီးဌာနသည် ဒေလီ-မွမ်ဘိုင်းရထားလမ်း၌ ခုတ်မောင်းနိုင်ရန် လျှပ်စစ်ရထားစက်ခေါင်းများနှင့် ရထားတွဲများကို ဂျပန်နိုင်ငံမှ ဝယ်ယူသွားရန် မျှော်မှန်းထားသည်။ ***အင်တာနက်။***

အကြမ်းဖက်တိုက်ခိုက်ရန် ကြံစည်ဖွယ်ရှိသူကို စပိန်သို့ လွှဲပြောင်းပေးခွင့်ရှိဟု ဗြိတိန်တရားရုံးဆုံးဖြတ်

လန်ဒန် ဇန်နဝါရီ ၂၅

လေဆိပ်တစ်ခုအား ပစ်မှတ်ထားကာ အကြမ်းဖက်တိုက်ခိုက်ရန် ကြံစည်သူအဖြစ် စွဲချက်တင်ခံထားရသူတစ်ဦးကို စပိန်နိုင်ငံသို့ ဗြိတိန်အစိုးရက လွှဲပြောင်းပေးအပ်နိုင်ခွင့်ရှိကြောင်း ဗြိတိသျှတရားသူကြီးတစ်ဦးက ဇန်နဝါရီ ၂၄ရက်တွင် ဆုံးဖြတ်လိုက်သည်ဟု ဇန်နဝါရီ ၂၅ရက်သတင်းတွင် ဖော်ပြသည်။

အာရိုနာတီဂွိအမည်ရှိ အမျိုးသားတစ်ဦးသည် အင်္ဂလန်ရှိ ကိန်းဘရစ်ဂျ်မြို့၌ တည်းခိုနေထိုင်ချိန်အတွင်း လွန်ခဲ့သည့် ဇူလိုင်လက အဖမ်းခံခဲ့ရသည်။ ၎င်းသည် စပိန်နိုင်ငံသားတစ်ဦးဖြစ်ပြီး အီးတီအေခွဲထွက်ရေးသူပုန်အဖွဲ့၏ အဖွဲ့ဝင်တစ်ဦးအဖြစ် သင်္ကာမကင်းဖြစ်ရသည်။

အာရိုနာတီဂွိသည် စပိန်နိုင်ငံ၌ ကျူးလွန်ခဲ့သော ပြစ်မှုအများအပြားအတွက် ဖမ်းဝရမ်းများ ထုတ်ထားခြင်းခံရသူဖြစ်သည်။

ဖမ်းဝရမ်းရှစ်မျိုးထုတ်ထားခြင်းခံရသူ အာရိုနာတီဂွိသည် စပိန်နိုင်ငံ မဒရစ်မြို့ရှိ ဘာရာဂျက်စ်လေဆိပ်နှင့် ယင်းနိုင်ငံရှိ ရဲစခန်းတစ်ခုတို့ကို လက်ပစ်ဗုံးဖြင့်တိုက်ခိုက်ရန် ကြံစည်ခဲ့သည်ဟု စွပ်စွဲခံထားရသည်။

လန်ဒန်ဝက်စ်မင်စတာတရားရုံးသည် ၎င်းအား စပိန်သို့ လွှဲပြောင်းပေးအပ်ရန် အစိုးရအား ခွင့်ပြုပေးလိုက်ကြောင်း သတင်းတွင်ဖော်ပြသည်။ ***အင်တာနက်။***

အင်ဒိုနီးရှား မင်ဂါရိုဒေသ၌ မြေငလျင်လှုပ်မှုကြောင့် အဆောက်အအုံပျက်စီးမှုတန်ဖိုး ဒေါ်လာတစ်သန်းကျော်ရှိ

ဂျကာတာ ဇန်နဝါရီ ၂၅

အင်ဒိုနီးရှားနိုင်ငံ မင်ဂါရိုအုပ်ချုပ်ရေးဒေသ၌ မကြာသေးမီကလှုပ်ခဲ့သော အင်အားပြင်း မြေငလျင်ကြောင့် ရုပ်ဝတ္ထုပစ္စည်းအရ ဆုံးရှုံးမှုတန်ဖိုး ရူပြား ၁၁ ဒသမ ၆ ဘီလီယံ (အမေရိကန်ဒေါ်လာ ၁ ဒသမ ၂၉ သန်းခန့်) ရှိကြောင်း သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေးအေဂျင်စီအောက်ရှိ ပြန်ကြားရေးအရာရှိတစ်ဦးက ဇန်နဝါရီ ၂၅ ရက်တွင် ပြောကြားသည်။

မင်ဂါရိုဒေသအနောက်ပိုင်း၌ ဇန်နဝါရီ ၂၁ ရက်က မြေငလျင်လှုပ်ခဲ့ရာ နေအိမ်များ၊ စာသင်ကျောင်းများ၊ ဘုရားကျောင်းများ၊ ကျန်းမာရေးဌာနများ ပျက်စီးခဲ့ရသည်။

မြေငလျင်ကြောင့် ထိခိုက်ပျက်စီးရမှုအခြေအနေကို သုံးသပ်နိုင်ရန် အစိုးရက တာဝန်ရှိသူများပါဝင်သော အဖွဲ့တစ်ဖွဲ့ကို စေလွှတ်ထားသည်။

အင်ဒိုနီးရှားနိုင်ငံ အရှေ့နူဆာတင်ဂါရာပြည်နယ် မင်ဂါရိုအုပ်ချုပ်ရေးဒေသ၌ ဇန်နဝါရီ ၂၁ ရက်က ရစ်ချ်တာစကေးအရ အင်အား ၆ ဒသမ ၃ ရှိ အင်အားပြင်းမြေငလျင်လှုပ်ခဲ့သည်။ **ဆင်ဟွာ။**

အိန္ဒိယနိုင်ငံ မွမ်ဘိုင်းမြို့အဝင် ရထားလမ်းကွန်ရက်ကို တွေ့ရစဉ်။



အာဖဂန်နစ္စတန်သို့သွားရောက်ခဲ့သော အနုပညာရှင်များအတွက် ဗြိတိန်ကာကွယ်ရေးဌာနက ပေါင်ငွေလေးသိန်းကျော် သုံးစွဲခဲ့

လန်ဒန် ဇန်နဝါရီ ၂၅

အာဖဂန်နစ္စတန်နိုင်ငံရှိ ဗြိတိသျှတပ်ဖွဲ့များထံသို့ အလည်အပတ်သွားရောက်သည့် အကျော်ဇေယျ အနုပညာရှင်များ၏ ခရီးစဉ်များအတွက် အစိုးရအဖွဲ့က လွန်ခဲ့သည့်နှစ်တွင် ပေါင်ငွေ ၄၀၀၀၀၀ ကျော် ကျခံသုံးစွဲခဲ့ရကြောင်း ဗြိတိန်နိုင်ငံ ကာကွယ်ရေးဌာနက ဇန်နဝါရီ ၂၅ ရက်တွင် ပြောကြားသည်။

ရှေ့တန်းရောက် ဗြိတိသျှတပ်ဖွဲ့ဝင်များ စိတ်အားတက်ကြွမှုဖြစ်ပေါ်စေရန် ကာကွယ်ရေးဝန်ကြီးဌာန၏ အစီအစဉ်အရ နာမည်ကြီးအနုပညာရှင်များကို အာဖဂန်နစ္စတန်နိုင်ငံသို့ အလည်အပတ်သွားရောက်ကာ ယင်းတပ်ဖွဲ့ဝင်များနှင့် တွေ့ဆုံစေခဲ့သည်။ လွန်ခဲ့သည့်နှစ်က အာဖဂန်နစ္စတန်နိုင်ငံသို့ အလည်အပတ် သွားရောက်ခဲ့သူများအနက် ထင်ပေါ်ကျော်ကြားသော အနုပညာရှင်တစ်ဦးမှာပေါ့ပ်တေးဂီတအဆိုတော်ချာရီကိုးလ်ဖြစ်သည်။

ရှေ့တန်းရောက်တပ်ဖွဲ့ဝင်များ စိတ်ပင်ပန်းနွမ်းနယ်မှု ပြေပျောက်စေရန် အနုပညာဖြေဖျော်တင်ဆက်မှုများ ပြုလုပ်ပေးရသည်မှာ လိုအပ်ချက်တစ်ရပ်ဖြစ်ကြောင်း ကာကွယ်ရေးဝန်ကြီး ဖီးလစ်ဟမ်မွန်းက ပါလီမန်အမတ်များအား ပြောကြားသည်။

အာဖဂန်နစ္စတန်နိုင်ငံသို့ အလည်အပတ် သွားရောက်သော အနုပညာရှင်များအား ငွေကြေးမည်မျှ ထောက်ပံ့ပေးသည်ကို မသိရပေ။ သို့ရာတွင် ၎င်းတို့ကို သယ်ယူပို့ဆောင်စရိတ်နှင့် တည်းခိုနေထိုင်စရိတ်တို့အတွက် ပြည်သူ့ဘဏ္ဍာရန်ပုံငွေမှ ကျခံပေးကြောင်း ဝန်ကြီးက ပြောကြားသည်။ ***အင်တာနက်။***

အာဖဂန်နစ္စတန်နိုင်ငံ၌ တာဝန်ထမ်းဆောင်နေသော ဗြိတိသျှတပ်ဖွဲ့များထံ အလည်အပတ်ရောက်ရှိလာသည့် တေးဂီတအနုပညာရှင်တစ်ဦးကို တွေ့ရစဉ်။

စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေးအား နော်ဝေးနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Jonas Gahr Store **လာရောက်တွေ့ဆုံစဉ်။**
(သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေးအား နော်ဝေးနိုင်ငံခြားရေးဝန်ကြီးနှင့်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၂၅

နော်ဝေးနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Jonas Gahr Store ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် မြန်မာနိုင်ငံ၌ ဆောင်ရွက်လျက်ရှိသော စွမ်းအင်ဆိုင်ရာလုပ်ငန်းများ၊ မူဝါဒများအား သိရှိနိုင်ရန်နှင့် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများ ရှာဖွေနိုင်ရန်အတွက် ယနေ့နံနက်ပိုင်းတွင် စွမ်းအင်ဝန်ကြီးဌာနသို့ ရောက်ရှိလာရာ ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေး၊ ဒုတိယဝန်ကြီး ဦးစိုးအောင်နှင့် တာဝန်ရှိသူများက ကြိုဆိုလက်ခံတွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံရာတွင် နော်ဝေးနိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးက မြန်မာနိုင်ငံအစိုးရ၏ ပြုပြင်ပြောင်းလဲရေး ဆောင်ရွက်ချက်များအပေါ် များစွာစိတ်ဝင်စားပြီး အားပေးကူညီလိုကြောင်းနှင့် နော်ဝေးနိုင်ငံအတွင်း ရေနံ၊ သဘာဝဓာတ်ငွေ့နှင့် လျှပ်စစ်စွမ်းအင်များ ထုတ်လုပ်နေမှုနှင့် မြန်မာနိုင်ငံတွင် နည်းပညာနှင့် အရင်းအနှီးများမြှုပ်နှံ၍ ကူညီပံ့ပိုးနိုင်မည့် အခြေအနေများကို သိရှိလိုကြောင်း ဆွေးနွေးတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ပြောင်းလဲလာသောအခြေအနေများနှင့် လိုက်လျောညီထွေစွာ စွမ်းအင်နှင့် ပတ်သက်သည့်မူဝါဒများကို ပြုပြင်ပြောင်းလဲလုပ်ကိုင်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံအတွင်း စွမ်းအင်ကဏ္ဍ၌ ဝင်ရောက်လုပ်ကိုင်နေသော နိုင်ငံတကာ ရေနံကုမ္ပဏီများ များစွာရှိပြီး နိုင်ငံတကာစံနှုန်းများအတိုင်း လိုက်နာအကောင်အထည်ဖော် ဆောင်ရွက်စေလျက်ရှိကြောင်း၊ လုပ်ငန်းဆောင်ရွက်နေသည့် ဒေသတွင်းပြည်သူများ၏ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း အစီအမံများချမှတ်၍ အလေးထားဆောင်ရွက်ပေးလျက်ရှိကြောင်း၊ လစ်လပ်လျက်ရှိသော ကုန်းတွင်း၊ ကမ်းလွန်လုပ်ကွက်များတွင် စိတ်ပါဝင်စားမှုရှိပါက ဝင်ရောက်ယှဉ်ပြိုင်လုပ်ကိုင်နိုင်ကြောင်းနှင့် နော်ဝေးနိုင်ငံမှ နည်းပညာအကူအညီနှင့် ရင်းနှီးမြှုပ်နှံလုပ်ကိုင်လိုမှုများကို ကြိုဆိုပါကြောင်း ပြန်လည်ဆွေးနွေးသည်။

ပြည်ထောင်စုဝန်ကြီးအား မွန်းလွဲပိုင်းတွင် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော Total E & P Myanmar ကုမ္ပဏီမှ General Manager Ms. Namita Shah ဦးဆောင်သောအဖွဲ့ လာရောက်တွေ့ဆုံသည်။

Total E & P Myanmar ကုမ္ပဏီအနေဖြင့် မုတ္တမကမ်းလွန်ပင်လယ်ပြင်ရှိ ရတနာသဘာဝဓာတ်ငွေ့မြေ၌ သဘာဝအလျောက် ထုတ်လုပ်မှုကျဆင်းခြင်းကို ထိန်းသိမ်းနိုင်ရန်အတွက် တိုးချဲ့ဆောင်ရွက်မည့် အစီအစဉ်များနှင့် အခြားလစ်လပ်လျက်ရှိသော ကမ်းလွန်လုပ်ကွက်များတွင် ပါဝင်လုပ်ကိုင်ရန် စိတ်ဝင်စားမှုများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက Total ကုမ္ပဏီ၏ လုပ်ငန်းများတိုးချဲ့လုပ်ကိုင်လိုမှုကို ကြိုဆိုပါကြောင်းနှင့် အခြားသော စိတ်ဝင်စားမှုရှိသည့် နိုင်ငံတကာ ကုမ္ပဏီများနည်းတူ ဝင်ရောက်ယှဉ်ပြိုင် လုပ်ကိုင်နိုင်ကြောင်း ပြန်လည်ဆွေးနွေးခဲ့သည်။ (သတင်းစဉ်)

တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး အစားထိုးပြောင်းလဲ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
နေပြည်တော်

ကြေညာချက်အမှတ် (၈/၂၀၁၂)
၁၃၇၃ ခုနှစ်၊ တပို့တွဲလဆန်း ၂ ရက်
(၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်)

တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး အစားထိုးပြောင်းလဲခြင်း

၂၀၁၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၇ ရက်နေ့တွင် ကျင်းပခဲ့သည့် ပထမအကြိမ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်းတင်သွင်းထားသော တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှစ်ဦးကို အမည်စာရင်းပြောင်းလဲလိုကြောင်း ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၃၃ နှင့်အညီ အကြောင်းကြားချက်အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကစိစစ်ပြီး ၂၀-၁-၂၀၁၁ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ် (၁/၂၀၁၁)တွင် ဖော်ပြထားသည့် အောက်ပါတပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှစ်ဦးအား ယှဉ်တွဲဖော်ပြပါအတိုင်း အစားထိုးပြောင်းလဲလိုက်သည်-

(၁)	ကြည်း ၂၃၂၇၅ ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဦး	(အစား)	ကြည်း ၂၀၇၇၁ ဒုတိယဗိုလ်မှူးကြီးခင်မောင်သန့်
(၂)	လေ ၂၆၉၂ ဗိုလ်မှူးဝေဖြိုးထွတ်	(အစား)	လေ ၂၄၈၅ ဗိုလ်မှူးရန်နိုင်ထူး

အမိန့်အရ

(ဝင်းကို)
အတွင်းရေးမှူး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပါကစ္စတန်အစ္စလာမ်မစ်သမ္မတနိုင်ငံ သမ္မတ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာ

ရန်ကုန် ဇန်နဝါရီ ၂၅

ပါကစ္စတန်အစ္စလာမ်မစ်သမ္မတနိုင်ငံ သမ္မတ H.E. Mr. Asif Ali Zardari ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့မွန်းလွဲ ၁၂ နာရီ ၄၅ မိနစ်တွင် အထူးလေယာဉ်ဖြင့် နေပြည်တော်မှ ရန်ကုန်မြို့သို့ ရောက်ရှိလာရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ပါကစ္စတန်အစ္စလာမ်မစ်သမ္မတနိုင်ငံ သမ္မတ H.E. Mr. Asif Ali Zardari ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ဒဂုံမြို့နယ် ဇီဝကလမ်းရှိ ဇဖားရ်ရှားဂူဗိမာန်သို့ သွားရောက်ဂါရဝပြုကြသည်။

ယင်းနောက် ညနေ ၃ နာရီ မိနစ် ၅၀ တွင် အထူးလေယာဉ်ဖြင့် ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာသွားကြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ပါကစ္စတန်သံအမတ်ကြီး H. E. Mr. Qazi M. Khalilullah နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။ (သတင်းစဉ်)

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ (၃၂)ကြိမ်မြောက် မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာ ဆရာဝန်ညီလာခံနှင့် (၁၃)ကြိမ်မြောက် မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာ ဆရာဝန်အသင်းနှင့် အပြည်ပြည်ဆိုင်ရာ သွားဘက်ဆိုင်ရာအဖွဲ့ချုပ်တို့၏ ပညာရပ်ဆိုင်ရာ ပူးတွဲအစည်းအဝေး ဖွင့်ပွဲအခမ်းအနား၌ အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ပထမအကြိမ် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေးများသို့ တက်ရောက်ရန် လွှတ်တော်အသီးသီးမှ ကိုယ်စားလှယ်များ နေပြည်တော်သို့ ရောက်ရှိ

နေပြည်တော် ဇန်နဝါရီ ၂၅

၂၀၁၂ ခုနှစ် ဇန်နဝါရီ ၂၆ ရက်တွင် စတင်ကျင်းပမည့် ပထမအကြိမ် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေးများသို့ တက်ရောက်ရန် လွှတ်တော်အသီးသီးမှ ကိုယ်စားလှယ်များသည် ယနေ့နံနက် ၈ နာရီမှ ညနေ ၆ နာရီအထိ နေပြည်တော်ရှိ လွှတ်တော်ရုံးသို့ အသီးသီးလာရောက်သတင်းပို့ကြပြီး လိုအပ်သည့် အုပ်ချုပ်မှုကိစ္စများကို ဆောင်ရွက်လျက်ရှိသည်။

ယနေ့ လွှတ်တော်ရုံးသို့ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ပေါင်း ၅၉၇ ဦး လာရောက်သတင်းပို့ကြကြောင်းနှင့် အဆိုပါလွှတ်တော်အသီးသီးမှ ကိုယ်စားလှယ်များ တည်းခိုနေထိုင်ရေး၊ စားသောက်ရေးနှင့် သွားလာရေးစသည့် ကိစ္စအဝဝတို့ကို အဆင်ပြေချောမွေ့စေရန် လွှတ်တော်ရုံးမှ တာဝန်ရှိသူများက ကြိုတင် စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရှိရသည်။

(သတင်းစဉ်)

သွားနှင့် ခံတွင်းရောဂါကာကွယ်ကုသရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ရာတွင် အသင်းဝင်များအနေဖြင့် ကျရာကဏ္ဍမှ ပါဝင်ဆောင်ရွက်သွားကြရန် လိုအပ်

ရန်ကုန် ဇန်နဝါရီ ၂၅

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေသည် ယနေ့နံနက် ၈ နာရီခွဲတွင် ဆီဒိုးနားဟိုတယ်၌ ကျင်းပသည့် (၃၂)ကြိမ်မြောက် မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာ ဆရာဝန်ညီလာခံနှင့် (၁၃)ကြိမ်မြောက် မြန်မာနိုင်ငံသွားဘက်ဆိုင်ရာ ဆရာဝန်အသင်းနှင့် အပြည်ပြည်ဆိုင်ရာ သွားဘက်ဆိုင်ရာအဖွဲ့ချုပ်တို့၏ ပညာရပ်ဆိုင်ရာ ပူးတွဲအစည်းအဝေး ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားရာတွင် နိုင်ငံအတွင်း ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍကို ၂၀၁၅ ခုနှစ်အတွင်း ရောက်ရှိလာမည့် အာဆီယံပေါင်းစည်းရေးနှစ်အချိန်တွင် တိုးတက်လျက်ရှိသော အာဆီယံနိုင်ငံများနည်းတူ ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန် မြန်မာနိုင်ငံသွားဘက်ဆိုင်ရာ ဆရာဝန်အသင်းအနေဖြင့်လည်း ပါဝင်ဆောင်ရွက်နိုင်ရန် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားကြရန် လိုအပ်ကြောင်း၊ ယခုအခါ Oral Health နှင့် General Health ဆက်စပ်မှုအရ လေ့လာတွေ့ရှိနေရပြီဖြစ်သည့်အတွက် သွားနှင့်ခံတွင်း ဆရာဝန်များ၏ အခန်းကဏ္ဍသည် ပိုမိုအရေးပါလာသည်ကို သိရှိရကြောင်း၊ နိုင်ငံတော် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျန်းမာကြံ့ခိုင်၍ ပညာရည်မြင့်မားသည့် နိုင်ငံသားများသည် အဓိကကျသည့် လူ့စွမ်းအားအရင်းအမြစ်များဖြစ်သည့်အားလျော်စွာ ပြည်သူများ၏ သွားနှင့်ခံတွင်း ရောဂါကာကွယ်ကုသရေး လုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ရာတွင် အသင်းဝင်များအနေဖြင့် ကျရာကဏ္ဍမှ ပါဝင်ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်) ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးခင်က အမှာစကား ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးလူမှုရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာမြင့်သိန်းနှင့် မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာ ဆရာဝန်အသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာသိန်းထွန်းတို့က သွားဘက်ဆိုင်ရာ ဆေးပစ္စည်းကိရိယာပြခန်းများကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဧည့်သည်တော်များသည် သွားဘက်ဆိုင်ရာဆေးပစ္စည်းကိရိယာပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။ မြန်မာနိုင်ငံသွားဘက်ဆိုင်ရာ ဆရာဝန်ညီလာခံကို ဇန်နဝါရီ ၂၇ ရက်အထိ သုံးရက်ကြာ ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သက်ကြီးစာကြည့်တိုက်ပညာရှင်ကြီးများ ပူဇော်ကန်တော့ပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၅

မြန်မာနိုင်ငံ စာကြည့်တိုက်အသင်းကကြီးမှူး၍ (၆၅)နှစ်နှင့်အထက် စာကြည့်တိုက်ပညာရှင်ကြီးများအား (၁၄)ကြိမ်မြောက် ပူဇော်ကန်တော့ပွဲကို ဇန်နဝါရီ ၂၈ ရက်တွင် အမျိုးသားပြတိုက် (ရန်ကုန်)၌ ကျင်းပမည်ဖြစ်ရာ အသင်းသူ အသင်းသားများ တက်ရောက်ပူဇော်ကန်တော့ကြရန်နှင့် အလှူငွေများကို အမျိုးသားစာကြည့်တိုက်(ရန်ကုန်)နှင့် တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်တို့တွင် ထည့်ဝင်နိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ဇီဝမျိုးစုံမျိုးကွဲတွေ ကြွယ်စေဖို့
သဘာဝတောတွေ ထိန်းသိမ်းစို့

အာရှဒေသတွင်းမြေပြိုမှု၊ သဘာဝဘေးအန္တရာယ် ကြိုတင်သတိပေးချက်ထုတ်ပြန်ရေး တတိယအကြိမ် အစည်းအဝေးကျင်းပ

နေပြည်တော် ဇန်နဝါရီ ၂၅

ပို့ဆောင်ရေးဝန်ကြီးဌာန မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနနှင့် ထိုင်းနိုင်ငံအခြေစိုက် အာရှဒေသ သဘာဝဘေး ကြိုတင်ကာကွယ်ရေးဗဟိုဌာနတို့ပူးပေါင်း၍ အာရှဒေသတွင်းမြေပြိုမှု၊ သဘာဝဘေးအန္တရာယ်ကြိုတင်သတိပေးချက်ထုတ်ပြန်ရေး တတိယအကြိမ် အစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ Chatrium ဟိုတယ်၌ ကျင်းပသည်။

အဆိုပါအခမ်းအနားသို့ ပို့ဆောင်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်၊ ဝန်ကြီးဌာနအောက်ရှိဌာနအကြီးအကဲများ၊ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန၊ ရန်ကုန်နည်းပညာတက္ကသိုလ်ဌာနများမှ ကိုယ်စားလှယ် ၁၀ ဦး၊ ထိုင်းနိုင်ငံအခြေစိုက် အာရှဒေသသဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးဗဟိုဌာန (ADPC) မှ Deputy Executive Director ဦးဆောင်သည့် ပညာရှင်များ၊ ဘင်္ဂလားဒေ့ရှ်၊ ဘူတန်၊ တရုတ်၊ အင်ဒိုနီးရှား၊ နီပေါ၊ ဖိလစ်ပိုင်၊ သီရိလင်္ကာ၊ ဗီယက်နမ်၊ ပါကစ္စတန်၊ ထိုင်း၊ နော်ဝေး စသည့်နိုင်ငံပေါင်း ၁၁ နိုင်ငံမှ ကိုယ်စားလှယ် ၂၇ ဦး အပါအဝင် စုစုပေါင်း ၃၇ ဦးတို့ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံတွင်ကျင်းပသည့် ထိုင်းနိုင်ငံအခြေစိုက် အာရှဒေသ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးဗဟိုဌာန (Asian Disaster Preparedness Center-ADPC) မှ Asian Program for Regional Capacity Enhancement for Landslide Impact Mitigation (RECLAIM) အာရှဒေသတွင်း မြေပြိုမှု၊ သဘာဝဘေးအန္တရာယ် ကြိုတင်သတိပေးချက် ထုတ်ပြန်ရေး တတိယအကြိမ် အစည်းအဝေးနှင့် ပတ်သက်၍အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ထိုင်းနိုင်ငံ အခြေစိုက် အာရှဒေသ သဘာဝဘေးကြိုတင် ကာကွယ်ရေးဗဟိုဌာန (ADPC) မှ Deputy Executive Director Mr.N. M.S.I Arambepola က နှုတ်ခွန်းဆက် စကားပြောကြားပြီး နော်ဝေးနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနမှ Advisor, Dr. Oddvar Kjekstad က မိတ်ဆက်စကားပြောကြားကာ အခမ်းအနားကိုရုပ်သိမ်းလိုက်သည်။ အခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီးနှင့် ဌာနအကြီးအကဲများသည် အစည်းအဝေးသို့တက်ရောက်လာကြသော ကိုယ်စားလှယ်များနှင့်အတူ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကူးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပို့ဆောင်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင် အာရှဒေသတွင်း မြေပြိုမှု သဘာဝဘေးအန္တရာယ် ကြိုတင်သတိပေးချက် ထုတ်ပြန်ရေး တတိယအကြိမ် အစည်းအဝေး အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။
(သတင်းစဉ်)

ရောဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဝါးခယ်မမြို့နှင့် ပုသိမ်မြို့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၂၅

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသိန်းအောင်သည် ဇန်နဝါရီ ၂၃ ရက် နံနက်ပိုင်းတွင် ဝါးခယ်မမြို့ ပြည်သူ့ဆေးရုံသို့ သွားရောက်၍ ဝါးခယ်မမြို့နယ်အသင်း(ရန်ကုန်) ပံ့ပိုးမှုဖြင့် အထူးကုဆရာဝန်ကြီးများ ကုသိုလ်ဖြစ်ဆေးကုသပေးနေမှုနှင့် လူနာများအား ကြည့်ရှုအားပေးကာ ဆေးရုံအတွက် ငွေကျပ် ၁၅၀၀၀၀ ကို ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ဝါးခယ်မမြို့ ပြည်သူ့ဆေးရုံနှင့် ဘိုးဘွားရိပ်သာတို့သို့ သွားရောက်ကြည့်ရှုစစ်ဆေး၍ ထောက်ပံ့ငွေများ ပေးအပ်လှူဒါန်းသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ဝါးခယ်မမြို့ ရွှေခယ်သီရိအားကစားခန်းမ၌ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ ဒေသခံပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့များအား တွေ့ဆုံအမှာစကားပြောကြားသည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ဇန်နဝါရီ ၂၄ ရက် နံနက် ၉ နာရီခွဲတွင် ပုသိမ်မြို့ အမှတ်(၃၇) အခြေခံပညာမူလတန်း ကျောင်းခန်းမ၌ ရပ်မိရပ်ဖများ၊ ဒေသခံပြည်သူများအား တွေ့ဆုံအမှာစကားပြောကြားသည်။

ထို့နောက် အလှူရှင်များက ပုသိမ်မြို့ရှိ အခြေခံပညာကျောင်းများနှင့် မြို့ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလှူငွေများကို ပေးအပ်ကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ပုသိမ်မြို့ အမှတ်(၉)ရပ်ကွက်ရှိ စိန်ကုန်း-ညောင်ချောင်းလမ်း ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

အဆိုပါ ကွန်ကရစ်လမ်းသစ်မှာ အရှည်ပေ ၃၃၂၀ နှင့် အကျယ် ၁၂ ပေ ဖြစ်ပြီး နယ်စပ်ရေးရာဝန်ကြီးဌာန စည်ပင်သာယာရေးဦးစီးဌာနမှ ရန်ပုံငွေကျပ် ၁၇၅ သိန်း၊ ပြည်သူထည့်ဝင်ငွေကျပ် ၄၅၂ ဒသမ ၇၅ သိန်း စုစုပေါင်းငွေကျပ် ၆၂၇ ဒသမ ၇၅ သိန်း အသုံးပြု၍ အဆင့်မြှင့်တင် ဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ပုသိမ်မြို့ အမှတ်(၄၁) အခြေခံပညာမူလတန်းကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။
(သတင်းစဉ်)

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသိန်းအောင် ပုသိမ်မြို့ အမှတ်(၃၇) အခြေခံပညာမူလတန်းကျောင်းခန်းမ၌ ရပ်မိရပ်ဖများ၊ ဒေသခံပြည်သူများအား အမှာစကားပြောကြားစဉ်။
(သတင်းစဉ်)

ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီးအား နီပေါနိုင်ငံသံအမတ်ကြီး လာရောက်တွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၂၅

ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်အား မြန်မာနိုင်ငံဆိုင်ရာ နီပေါနိုင်ငံသံအမတ်ကြီး H.E. Ms. Guna Laxmi Sharma သည် ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ဝန်ကြီးရုံးဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး **(အောက်ပုံ)** မြန်မာနိုင်ငံနှင့် နီပေါနိုင်ငံတို့အကြား ယဉ်ကျေးမှုအနုပညာဆိုင်ရာနှင့် ရှေးဟောင်းသုတေသနဆိုင်ရာ နယ်ပယ်များ၌ အတူတကွပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

ယင်းသို့တွေ့ဆုံရာတွင် ယဉ်ကျေးမှုဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များနှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။ (သတင်းစဉ်)

ဆေးဝါးရောင်းချမှုဆိုင်ရာ ပညာပေးစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၂၅

နေပြည်တော် ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ကွပ်ကဲရေး ကော်မတီဥက္ကဋ္ဌ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဦးထွန်းထွန်း ဦးဆောင်ပြီး ကော်မတီအဖွဲ့ဝင်များဖြစ်ကြသည့် ဦးဟန်ဝင်းစိုး(ဒု-ဦးစီးမှူး-ထွေ/အုပ်)၊ ရဲအုပ်ကိုကို(ဒု-မြို့နယ်မှူး)၊ ဦးဇော်ဝင်းလှိုင်(ဒု-ဦးစီးမှူး-စည်ပင်သာယာ)၊ ဦးထွန်းထွန်း (တိ/ကု-မြို့နယ်ဦးစီးမှူး)နှင့် ကော်မတီအတွင်းရေးမှူး ဦးလှထွန်း(ကျန်းမာရေးကြီးကြပ် -၁)တို့ ပါဝင်သောအဖွဲ့သည် ဇန်နဝါရီ ၂၃ ရက် နံနက် ၉ နာရီတွင် တပ်ကုန်းမြို့ပေါ်ရှိ ဆေးဆိုင်ပေါင်း ၁၈ ဆိုင်အား ဆေးဝါးရောင်းချမှုဆိုင်ရာ စည်းကမ်းချက်များနှင့်အညီ ရောင်းချနိုင်ရေးအတွက် ပညာပေးစစ်ဆေးမှုများပြုလုပ်ခဲ့ပြီး ဆေးဆိုင်များအား ရက်လွန်ဆေးဝါးများရောင်းချမှုမရှိစေရန်၊ ဆေးတွဲများရောင်းချခြင်းမပြုရန်၊ တရားမဝင်တင်သွင်းလာသော ဆေးဝါးများရောင်းချခြင်းမပြုရန်နှင့် မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားသော ဆေးဝါးများကိုသာ ရောင်းချရန်တို့ကို ကြပ်မတ်စစ်ဆေး ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ (၀၉၂)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

၂၆-၁-၂၀၁၂ (ကြာသပတေးနေ့)

AM & PM

၅:၀၀	MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ဇေဂ္ဂသုတ်
၅:၂၀	MRTV-4 သတင်း
၅:၄၀	"ငါမရှိမှ ချမ်းသာမည်" တရားတော် (ဆရာတော် အရှင်လက္ခဏိက)
၆:၄၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "စိတ်၏စေရာ" (အပိုင်း-၉၈)**
၇:၃၀	MRTV-4 သတင်း
၈:၀၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပန်းသုံးပွင့်လေညွှန်ရာ" (အပိုင်း-၅၁)**
၈:၄၅	The Shop Around The Corner (Part-8)
၈:၅၀	ကျောင်းသားလူငယ်တို့နွှဲပျော် ၂၀၁၂ ပညာရေးစုံညီပွဲတော်
၉:၁၅	ခြိမ့်ကာသဲ တောင်ပေါ်မြို့မှ အလှူပွဲ
၉:၂၅	ပါရမီရှင်တို့၏ ဆွမ်းသိမ်းအောင်ပွဲ (မော်ကျွန်းမြို့)
၉:၃၅	Intellectual Talk (လူထုကျန်းမာရေးအတွက် နိုင်ငံကြီးသားများ၏ အခန်းကဏ္ဍ) (ဒေါက်တာခင်မောင်လွင်၊ ကိုကိုလှိုင်)
၁၀:၂၀	Miss Dr. Seerer 2011
၁၀:၄၅	သီချင်းကောင်းကောင်း သီချင်းတောင်း
၁၁:၁၀	ရန်ကုန်မြင်ကွင်းကျယ် (ပညာရေးဝန်ကြီးဌာန အမှတ်(၃)အခြေခံပညာဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး ၂၀၁၂ ခုနှစ် ပညာရေးစုံညီပွဲတော် အခမ်းအနား
၁၁:၂၀	Online Donation Group ၏ (၆)နှစ်ပြည့် အလှူနှင့် ပျော်ပွဲရွှင်ပွဲ
၁၁:၃၅	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မိုးကျရွှေကိုယ်" (အပိုင်း-၁၆)**
၁၂:၁၅	ရန်ကုန်တက္ကသိုလ်(၁၉၇၄-၇၈) ရူပဗေဒမြတ်ဆရာပူဇော်ပွဲ
၁၂:၃၀	သီတဂူရွှေပြည်ဟိန်းစက္ခုဒါနဆေးရုံတော်နှစ်ပတ်လည် ဂုဏ်ပြုပွဲအခမ်းအနား
၁၂:၄၅	သမိုင်းဝင်ဇွဲစုံအောင်တော်မူစေတီ (၉၅)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်
၁:၀၀	"ငါမရှိမှ ချမ်းသာမည်" တရားတော် (ဆရာတော် အရှင်လက္ခဏိက)
၂:၀၀	MRTV-4 သတင်း
၂:၂၀	အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ "အချစ်ကွိုင်"
၂:၅၅	(၂၁)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ အကောက်ခွန်နေ့ အထိမ်းအမှတ် သိကောင်းစရာ (၂၆-၁-၂၀၁၂)

ဆက်လက်ရှုစားနိုင်ပါသည်။

ညောင်လေးပင်မြို့နယ်၌ ဂဝံကျောက်ခင်းလမ်းများဖွင့်

ညောင်လေးပင် ဇန်နဝါရီ ၂၅

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် သောင်ကြီးကျေးရွာ၌ ဘုရားလမ်းနှင့် စာသင်ကျောင်းလမ်းဖွင့်ပွဲ အခမ်းအနားများကို ဇန်နဝါရီ ၂၂ ရက်က ကျင်းပရာ မဒေါက်မြို့ ပန်းငွေရုံပရိယတ္တိစာသင်တိုက် ပဓာန နာယကဆရာတော် ဘဒ္ဒန္တသုမနာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)၊ သောင်ကြီးကျေးရွာ သာသနာ့ဝေပုလ္လ ကျောင်းတိုက် ဆရာတော်ဘဒ္ဒန္တဝိမလနှင့် လမ်းအလှူရှင် ရန်ကုန်မြို့နေ ဗိုလ်ကြီး ခင်ဝင်း(ငြိမ်း)- ဇနီး ဒေါ်မူမူ၊ ဦးတင်အောင်စိုး၊ ဦးကျော်ဝ၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဦးစီးအရာရှိ ဦးမြင့်ဝေ၊ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးဝင်းဦး၊ အလက(ခွဲ) ကျောင်းအုပ်ဆရာကြီး ဦးသန်းထိုက်နှင့် ရပ်မိရပ်ဖများက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

လမ်းအရှည်မှာ ပေ ၁၅၀၀၊ အကျယ် ၁၂ ပေနှင့် ကျောင်းလမ်းအရှည် ပေ ၈၀၀၊ အကျယ် ၁၈ ပေ ရှိပြီး ဂဝံကျောက်ခင်းလမ်းအမျိုးအစား ဖြစ်ကြောင်း သိရှိရသည်။ (၅၆၈)

တစ်ချက်တည်း ကျင်းဝင်

ရန်ကုန် ဇန်နဝါရီ ၂၅

ဦးဝင်းထိန်(ဝင်းဂုဏ်ရောင်ကုမ္ပဏီ) သည် ယနေ့တွင် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဂေါက်ကွင်း ငွေသော်တာကွင်း၌ ကစားဖော်များ ဖြစ်ကြသော ဦးကျော်ဇံ၊ ဦးကျော်နိုင်(ခြံလုံကျောက်မျက်ကုမ္ပဏီ)၊ ဒေါက်တာစန်းယုတို့နှင့်အတူ ဂေါက်သီးရိုက်ကစားစဉ် Titleist No(3) ဘောလုံးကို Homa Iron No(10) တုတ်ဖြင့်ရိုက်လိုက်ရာ ၁၄၃ ကိုက်အကွာရှိ ကျင်းအမှတ်(၁၈)သို့ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားကြောင်း သိရှိရသည်။ (သတင်းစဉ်)

(၂၆)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ မှတ်တမ်းဓာတ်ပုံများ Road to 27th Sea Games ဓာတ်ပုံပြပွဲတွင် ဝင်ရောက်ပြသရန်ဖိတ်ခေါ်

ရန်ကုန် ဇန်နဝါရီ ၂၅

အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့နှင့် ပလန်ဘန်းမြို့တို့တွင် ကျင်းပခဲ့ပြီးဖြစ်သည့် (၂၆)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအထိမ်းအမှတ် မှတ်တမ်းဓာတ်ပုံပြပွဲ Road to 27th Sea Games ကို ၂၀၁၂ ခုနှစ် ဇန်နဝါရီ ၂၉ ရက်မှ ၃၁ ရက်အထိ နေ့စဉ် နံနက် ၁၀ နာရီမှ ညနေ ၅ နာရီအထိ ရန်ကုန်မြို့ အာရှပလာဇာ ဟိုတယ်၌ ကျင်းပသွားမည်ဖြစ်ရာ အဆိုပါ ပြိုင်ပွဲအတွင်း ရိုက်ကူးမှုပြုလုပ်ခဲ့ကြသော အားကစားပြိုင်ပွဲဝင်နေသည့် ဓာတ်ပုံများ၊ လှုပ်ရှားမှုမှတ်တမ်းဓာတ်ပုံများအား လွတ်လပ်စွာ ဝင်ရောက်ပြသနိုင်ရန် ဖိတ်ခေါ်ထားကြောင်း သတင်းရရှိသည်။

(၂၆)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသော အားကစားသမားများအနေဖြင့် မှတ်တမ်းတင်ရိုက်ကူးခဲ့သော ပြိုင်ပွဲဝင်ဓာတ်ပုံများ၊ မှတ်တမ်းဓာတ်ပုံများကို အဆိုပါ ဓာတ်ပုံပြပွဲတွင် လွတ်လပ်စွာ ဝင်ရောက်ပြသနိုင်ရန်အတွက် ဖိတ်ခေါ်မှုများပြုလုပ်ထားကြောင်း၊ ပြပွဲစီစဉ်ကျင်းပသည့် Xenon Inkjet Printing ကုမ္ပဏီလီမိတက်မှ သတင်းရရှိသည်။ ဝင်ရောက်ပြသလိုသော ဓာတ်ပုံများကို ဇန်နဝါရီ ၂၈ ရက်ထက်နောက်မကျဘဲ Xenon Inkjet Printing အမှတ်(၆၀၊၆၂)၊ (၄၅)လမ်းအောက် ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၉-၇၃၁၁၁၇၇၂ သို့ ပေးပို့နိုင်သည်ဟု သိရသည်။

အဆိုပါ ဓာတ်ပုံပြပွဲတွင်(၂၆)ကြိမ်မြောက်အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကြီး ကျင်းပခဲ့ပုံများ၊ မြန်မာအားကစားအဖွဲ့ချုပ်အသီးသီး၏ ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည့် ပြိုင်ပွဲဝင်မှတ်တမ်းဓာတ်ပုံများ၊ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆောင်သည့် အားကစားဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိများ၏ စီမံဆောင်ရွက်ခဲ့မှု ဓာတ်ပုံမှတ်တမ်းများကို ပြသထားသည်။ အဆိုပါဓာတ်ပုံပြပွဲကို Xenon Inkjet Printing Co.,Ltd. မှ စီစဉ်ဆောင်ရွက်ခြင်းဖြစ်ပြီး စီးပွားရေးအကျိုးအမြတ်အတွက် ရည်ရွယ်ဆောင်ရွက်ခြင်းမရှိကြောင်း သိရသည်။

ဓာတ်ပုံပြပွဲကျင်းပရခြင်း၏ အဓိကရည်ရွယ်ချက်မှာ ပြီးခဲ့သည့် (၂၆)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် အိမ်ရှင်နိုင်ငံအဖြစ် တာဝန်ယူခဲ့သည့် အင်ဒိုနီးရှားနိုင်ငံအစိုးရ အင်ဒိုနီးရှားပြည်သူများ၊ အင်ဒိုနီးရှားလူငယ်များ၊ အားကစားရေးရာဝန်ကြီးဌာန၊ အိုလံပစ်ကော်မတီ၊ အရှေ့တောင်အာရှအားကစားပြိုင်ပွဲကြီး ကျင်းပရေးဦးစီးကော်မတီတို့ လက်တွဲကာ အောင်မြင်စွာ ဆောင်ရွက်ခဲ့မှု မှတ်တမ်းဓာတ်ပုံများကို အများပြည်သူများ လေ့လာခွင့်ရရှိခြင်းနှင့် လာမည့် ၂၀၁၃ ခုနှစ်တွင် မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပမည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကြီးတွင် အိမ်ရှင်ကောင်းပီသစွာ အောင်မြင်စွာဖြင့် ကျင်းပပြီးစီးနိုင်ရေး၊ တစ်ထောင့်တစ်နေရာမှ ပူးပေါင်းပါဝင်ဆောင်ရွက်လိုသည့် စေတနာ့ဝန်ထမ်း စိတ်ဓာတ်အခြေခံကောင်းများရရှိရန် အဓိကရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်းသိရသည်။

(၀၀၁)

ဈေးဝယ်မခက် ရတက်အေးစေချင်

ရန်ကုန် ဇန်နဝါရီ ၂၅

နန္တင်းမှုန့်အချို့တွင် အသည်းကင်ဆာဖြစ်စေနိုင်သော ဓာတုဆိုးဆေးများ ပါဝင်သည်ဆိုသည့် သတင်းကို ဖတ်လိုက်ရသဖြင့် အိမ်ရှင်မတစ်ဦးအနေဖြင့် အံ့သြမိပြီး ဤသတင်းမမှန်ပါစေနှင့်ဟု ဆုတောင်းမိသည်။

အသား၊ ငါးများ ချက်ပြုတ်ရာ၌ အညှီအဟောက်ကိုနိုင်ပြီး ကျန်းမာရေးကိုလည်း အထောက်အကူပြုသည့် နန္တင်းမှုန့်ကို ယနေ့အထိ အိမ်ရှင်မတို့ ယုံကြည်စိတ်ချစွာ သုံးစွဲခဲ့ကြသည်။ နန္တင်းမှုန့်အချို့တွင် ပါဝင်သည့် ဆိုးဆေးမှာ အသည်းကင်ဆာဖြစ်စေနိုင်သည့်အပြင် ဗဟိုနာ့ဗ်ကြောမကြီးကိုလည်း ထိခိုက်နိုင်သည်ဟု ဆိုသဖြင့် မီးဖိုချောင်ရှိ နန္တင်းဘူးကို ဖွင့်ကြည့်မိသလို ဟင်းအိုးထဲတွင်လည်း ဆိုးဆေးအရောင်တွေများနေသလားဟု သံသယဝင်မိသည်။

မကြာသေးမီကလည်း နွားနို့တွင် ရေရောရုံသာမက အခြားအမှုန့်များ ရောနှောပါဝင်ကြောင်း၊ ငရုတ်သီးမှုန့်နှင့် အရောင်တင်မှုန့်များတွင် စားသုံးရန်မသင့်သည့် ပစ္စည်းများ ရောနှောကြိတ်ထားကြောင်း၊ ပဲဆီ၊ နှမ်းဆီတို့တွင်လည်း စားသုံးသူကို အန္တရာယ်ဖြစ်စေမည့်ပစ္စည်းများ ရောနှောထည့်ထားကြောင်းသတင်းများကို ဖတ်ရသဖြင့် နွားနို့သောက်ရမှာ၊ အရောင်မှုန့်ခတ်ရမှာ၊ ဆီသုံးရမှာ လက်တွန့်မိသည်အထိဖြစ်ရာ အခြားအိမ်ရှင်မများလည်း မိမိနည်းတူ ခံစားရမည်ဟု ယုံကြည်ပါသည်။

ဈေးထဲတွင် အရွက်ဖားဖား အသီးထွားထွား ဟင်းသီးဟင်းရွက်များကို ဝယ်မည်ကြံတိုင်း ဓာတုဆေးများ ပက်ဖျန်းထားသည်ဟု သံသယဖြစ်သဖြင့်လည်း မဝယ်မိရန် ရှောင်ရှားခဲ့ရပေါင်းများပါပြီ။ မိမိအိမ်သားများကို အာဟာရပြည့်ဝပြီး ကျန်းမာရေးနှင့် ညီညွတ်သော ဟင်းအမယ်များ စားသုံးနိုင်ရန် မိမိတို့အိမ်ရှင်မများအနေဖြင့် သတိထား ရွေးချယ်ဝယ်ယူရပါသည်။

ထို့ကြောင့် လောဘစိတ်ဖြင့် စားသုံးသူများ၏ အသက်အန္တရာယ်ကို ထိခိုက်စေမည့် ဓာတုဆိုးဆေးအရောင်၊ အနံ့ရောနှောမှုများကို ရှောင်ရှားစေလိုသကဲ့သို့ သက်ဆိုင်ရာတို့ကလည်း စိစစ်ဖော်ထုတ်မှုအရှိန်ကို ပိုမိုမြှင့်တင်ဆောင်ရွက်ရန် လိုအပ်နေပြီဖြစ်ကြောင်း အိမ်ရှင်မများ၏ ကိုယ်စား ဆန္ဒပြု တင်ပြလိုက်ရပါသည်. . .။

(နွဲ့-သတင်းစဉ်)

ဟုတ်ကဲ့. . . ပြန်အမ်းပါတယ်

"ဟုတ်ကဲ့. . . ပြန်အမ်းပါတယ်"

အိပ်မက်မက်၍ ကယောင်ကတမ်းဖြေလိုက်ခြင်းမဟုတ်ပါ။

ယခု ဇန်နဝါရီလမှစ၍ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ခရီးသည်တင်ယာဉ်လိုင်းအသီးသီးမှ ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်များအား ယာဉ်စီးခပိုမိုတောင်းခံခြင်း၊ ပိုငွေပြန်မအမ်းခြင်း၊ ခရီးသည်များအား ရိုင်းပျစွာ ဆက်ဆံခြင်းတို့ကို အထူးစစ်ဆေးရေးအဖွဲ့ဖြင့် ရက်သတ္တတစ်ပတ်လျှင် တစ်ကြိမ် စုံစမ်းစစ်ဆေးမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း သတင်းများအရ သိရသည်။ သည်သို့သော အထူးစစ်ဆေးရေးအဖွဲ့ကသာ ခရီးသည်တစ်ဦးဖြစ်သူ မိမိကို. . .

"ပိုငွေ ပြန်အမ်းပါသလား. . ."

မေးမည်ဆိုပါက

"ဟုတ်ကဲ့. . . ပြန်အမ်းပါတယ်ခင်ဗျာ"

ဟုသာ အထက်ပါအတိုင်း အဖြေပေးမိမည် ဖြစ်သည်။ယခင်ကငွေအကြွေကို အကြောင်းပြုပြီး ယာဉ်နောက်လိုက်က ခရီးသည်ပိုငွေပြန်အမ်းမှုအခက်အခဲရှိခဲ့သည်။ နိုင်ငံတော်က ငွေအကြွေ ကျပ် ၅၀ တန်၊ ကျပ် ၁၀၀ တန်၊ ကျပ် ၂၀၀ တန်၊ ကျပ် ၅၀၀ တန်တို့ကို ဝန်ထမ်းများ၏ လစာငွေတွင် မကြာခဏ ထည့်သွင်းပေးခြင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဘုရားပုထိုးစေတီများ၏ အလှူခံပုံးများမှ ငွေအကြွေများကို သက်ဆိုင်ရာ ကပရ၊ မထသတို့သို့ လဲလှယ်ပေးခြင်းတို့ကြောင့် ငွေအကြွေကိစ္စ အထိုက်အလျောက် ပြေလည်သွားပြီး ယာဉ်နောက်လိုက်များ ကိုယ်တိုင် လိုလိုချင်ချင်ဖြင့် ပြန်အမ်းလျက်ရှိသည်။

ယခင်က ယာဉ်မောင်း၊ ယာဉ်နောက်လိုက်များနှင့် ခရီးသည်တို့မကြာခဏ မချေမငံဖြစ်ခဲ့ကြသည်။ ယခု သက်ဆိုင်ရာက ယာဉ်မောင်း၊ ယာဉ်နောက်လိုက်များအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများအပါအဝင် အကျင့်စာရိတ္တပိုင်းကိုပါ စဉ်ဆက်မပြတ် လမ်းညွှန်အသိပေးမှုများနှင့်အတူ ယာဉ်မောင်း၊ ယာဉ်နောက်လိုက်များကိုယ်တိုင်၊ ကိုယ်ပိုင်အသိဖြင့် ယှဉ်တွဲလိုက်နာဆောင်ရွက်လာကြပြီဖြစ်သည်။

သို့စေကာမူ **စုန်းပြူး** ဆိုသည်မှာ နေရာတကာတွင်ရှိမြဲမို့. . .။ ခရီးသည်တင်ယာဉ်လိုင်းအသီးသီးမှ အထူးစစ်ဆေးရေးအဖွဲ့သည် ရက်သတ္တတစ်ပတ်မှ တစ်ကြိမ် စစ်ဆေးမည့်အစား နေ့စဉ်စစ်ဆေးကြပ်မတ်သင့်၊ မသင့်ကို စဉ်းစားသင့်ကြောင်း၊ ယခုလမှစ၍ စတင်စစ်ဆေးမည်ဆိုသော်လည်း နေ့စဉ်လိုင်းကားစီးနေရသည့် မိမိအဖို့ အထူးစစ်ဆေးရေးအဖွဲ့ဆိုသည်ကို ယနေ့အထိ တစ်ခါမျှ မတွေ့ရသေးကြောင်း ခရီးသည်တစ်ဦးက သုံးသပ်ပြောဆိုသည်။

မည်သို့ပင်ဖြစ်စေ. . .

အကယ်၍များ. . .

အထူးစစ်ဆေးရေးအဖွဲ့. . . စစ်ဆေးမည်. . .

မိမိကိုလည်း. . . ပိုငွေပြန်အမ်းပါသလား. . . ဟု

မေးမည်ဆိုပါက. . . ခရီးသည် မိမိကလည်း"ဟုတ်ကဲ့. . . ပြန်အမ်းပါသည်" ဟု အမှန်အတိုင်းဖြေပါမည်။ (ကိုချစ်)

GSM, CDMA မိုဘိုင်းဖုန်းများ အမည်နှင့် လိပ်စာပြောင်းနိုင်

မန္တလေး ဇန်နဝါရီ ၂၅

မြန်မာ့ဆက်သွယ်ရေး လုပ်ငန်းက ချထားပေးခဲ့သော GSM, CDMA မိုဘိုင်းဖုန်းများအား ၂၀၁၂ ခုနှစ် ဇန်နဝါရီ ၂ ရက်မှစ၍ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ် ဆက်သွယ်ရေးလုပ်ငန်း လက်ထောက် အထွေထွေမန်နေဂျာရုံးများတွင် အမည်ပြောင်းခြင်း၊ နေရပ်လိပ်စာပြောင်းခြင်းများ လက်ခံဆောင်ရွက်ပေးလျက်ရှိသည်။ အမည်ပြောင်းခြင်းအတွက် ငွေကျပ် ၅၀၀၀၀၊ နေရပ်လိပ်စာပြောင်းခြင်းအတွက် ငွေကျပ် ၁၀၀၀၀ ဝန်ဆောင်ခပေးသွင်းရမည် ဖြစ်သည်။

အမည်ပြောင်းလိုသူများအနေဖြင့် ပိုင်ဆိုင်ကြောင်း မိုဘိုင်းတယ်လီဖုန်းဌားရမ်းသုံးစွဲခြင်းကတိ ပဋိညာဉ်စာချုပ်၊ ငွေသွင်းပြေစာ၊ နိုင်ငံသားစိစစ်ရေးကတ်မူရင်းနှင့် မိတ္တူ၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းနှင့် မိတ္တူ၊ ရပ်ကွက်နေထိုင်ကြောင်းထောက်ခံစာ၊ သုံးစွဲနေကြောင်း SIM/RUM Card တင်ပြလျှောက်ထားနိုင်ကြောင်းသိရသည်။ (၆၅၃)

ဝက်သက်ရောဂါကာကွယ်နှိမ်နင်းရေးနှိုးဆော်ချက်

ဝက်သက်ရောဂါသည် ဝက်သက်ဗိုင်းရပ်စ်ပိုးကြောင့် ဖြစ်ပွားပြီး လျင်မြန်စွာ ကူးစက်လွယ်သော ရောဂါတစ်ခုဖြစ်သည်။

ဝက်သက်ရောဂါဖြစ်ပွားသူ၏ လည်ချောင်းနှင့် နှာခေါင်းတို့မှထွက်သော အရည်များနှင့် ထိတွေ့ခြင်း၊ ရောဂါဖြစ်ပွားသူ လူနာမှ နှာချေခြင်း၊ ချောင်းဆိုးခြင်းတို့ကြောင့် လေထဲတွင် လွင့်ပါလာသော ဝက်သက်ရောဂါဗိုင်းရပ်စ်၏ ပိုးပါဝင်သည့် အမှုန်များမှတစ်ဆင့် ကူးစက်တတ်ပါသည်။

ဝက်သက်ရောဂါလက္ခဏာများမှာ ဖျားခြင်း၊ နှာရည်ယိုခြင်း၊ ချောင်းဆိုးခြင်း၊ မျက်စိနီခြင်း၊ လူနာ၏ ပါးစောင်တွင် အဖြူရောင်အစက်များပေါ်ခြင်း၊ မျက်နှာမှ စတင်ပြီး ခန္ဓာကိုယ်အစိတ်အပိုင်းများသို့ အနီစက်များ၊ အနီပြင်များပေါ်ခြင်းတို့ ဖြစ်ပါသည်။

ဝက်သက်ရောဂါဖြစ်ပွားပါက နောက်ဆက်တွဲ ကျန်းမာရေးပြဿနာများအဖြစ် ပြင်းထန်သောအဆုတ်ရောင်ရောဂါဖြစ်ခြင်း၊ ပြင်းထန်သော ဝမ်းပျက်ဝမ်းလျှောဖြစ်ခြင်း၊ ဦးနှောက်ရောင်ခြင်းနှင့် နားအတွင်းပိုင်းရောင်ခြင်းတို့ဖြစ်ပြီး ထိုမှတစ်ဆင့် အသက်ဆုံးရှုံးမှုများ ဖြစ်ပွားတတ်ပါသည်။

ဝက်သက်ရောဂါသည် အသက်(၅)နှစ်အောက်ကလေးများတွင် ပိုမိုဖြစ်ပွားတတ်ပြီး ဝက်သက်ရောဂါကာကွယ်ဆေးထိုးနှံခြင်း မရှိသည့် မည်သည့်အသက်အရွယ်တွင်မဆို ဖြစ်ပွားတတ်ပါသည်။

ဝက်သက်ရောဂါမဖြစ်ပွားစေရန် ကာကွယ်နိုင်မည့် တစ်ခုတည်းသော နည်းလမ်းမှာ ဝက်သက်ရောဂါကာကွယ်ဆေး ထိုးနှံခြင်းသာဖြစ်ပါသည်။

အသက်(၉)လတွင် တစ်ကြိမ်၊ အသက်(၁)နှစ်ခွဲတွင်တစ်ကြိမ် ဝက်သက်ရောဂါကာကွယ်ဆေးနှစ်ကြိမ် အပြည့်ထိုးနှံခြင်းဖြင့် ဝက်သက်ရောဂါဖြစ်ပွားမှုအား ကာကွယ်နိုင်ပါသည်။

အထက်ပါ ရောဂါလက္ခဏာများခံစားရသည့် လူနာများအား နီးစပ်ရာ ကျန်းမာရေးဌာနများတွင် ပြသပြီး ထိရောက်သောကုသမှုခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

စာချွန်တော်စီရင်ထုံးများနှင့် ဆုံးဖြတ်ချက်များအကျဉ်း စာအုပ်ထွက်ရှိ

၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအရ စာချွန်တော်အမိန့် လျှောက်တောင်းခဲ့သည့် စီရင်ထုံးများနှင့်ပတ်သက်သည့် စာချွန်တော်စီရင်ထုံးများနှင့် ဆုံးဖြတ်ချက်များအကျဉ်း (၁၉၄၈ ခုနှစ်မှ ၁၉၇၁ ခုနှစ်) စာအုပ်ကို ဥပဒေပါမောက္ခ ဒေါက်တာမာလာအောင်က ပြုစုပြီး ဇေယျာသုခပုံနှိပ်တိုက်မှ ရိုက်နှိပ်၍ ဖုန်း-၀၉-၅၀၁၄၆၇၁ နှင့် ၀၉-၅၀၆၄၁၈၄ တို့သို့ ဆက်သွယ်မှာယူနိုင်သည်။

Modern English Grammar For Everyone စာအုပ်ထွက်ရှိ

"သဒ္ဒါမတတ်လျှင် စာမတတ်နိုင်" ဟူသော ဆိုရိုးစကားနှင့်အညီ English Grammar ကို စနစ်တကျ လေ့လာမှတ်သားနိုင်လျှင် အင်္ဂလိပ်စာသည် ခက်ခဲသော ဘာသာစကားတစ်ရပ်မဟုတ်ကြောင်း တွေ့ရှိကြရပေမည်။ English Grammar ကို တတ်သိနားလည်လိုသူများနှင့် ကျောင်းသား ကျောင်းသူများအား အထောက်အကူပြုနိုင်သည့် စာအုပ်ဖြစ်သည်။ ရန်ကုန်မြို့ ပတ္တမြားငမောက်စာပေ အမှတ် (၁၆၈) ၃၃ လမ်း (ထက်) ကျောက်တံတားမြို့နယ်မှ တန်ဖိုးငွေကျပ် ၁၅၀၀ ဖြင့် ဖြန့်ချိလိုက်သည်။

လက်တွေ့အသုံးချငွေလွှဲစာတမ်းစနစ်စာအုပ် ထွက်ရှိ

ငွေလွှဲစာတမ်းဖွင့်လျှင်၊ လက်ခံလျှင် သတိထားရမည့်အချက်၊ စာရွက်စာတမ်းကွဲလွဲချက်မဖြစ်အောင် သတိထားရမည့်အချက်၊ ကုန်တန်ဖိုးငွေ တောင်းခံရာတွင် မကြန့်ကြာရမည့်နည်းလမ်းစသည့် နိုင်ငံတကာ ရောင်းဝယ်ရေးတွင် အဓိကလိုအပ်ချက်များကို သိန်းလွင်(ပြည်ပပို့ကုန်) က စုစည်းတင်ပြထားသည်။ အဆိုပါစာအုပ်ကို Wisdom House အခန်း(၁၀၁) တိုက်(၁၁၉၁-၁၁၉၂) လက်ဝဲမင်းဒင်လမ်း မေတ္တာညွှန့်ရပ်ကွက် တာမွေမြို့နယ် ရန်ကုန်မြို့က ဖြန့်ချိလိုက်သည်။

Topic Specific Vocabulary

ဆရာနေလင်းဝင်း ရေးသားပြုစုသော (Topic Specific Vocabulary) ခေါင်းစဉ်အထူးပြု ဝေါဟာရအစုစာအုပ် ထွက်ရှိလာသည်။ ယနေ့ခေတ်နိုင်ငံတော်သစ်တွင် လွှတ်တော်ထဲကစကာ လုပ်ငန်းမျိုးစုံ လုပ်ကိုင်နေကြသူများ၊ ကျောင်းသား ကျောင်းသူများအဆုံး အင်္ဂလိပ်စာနှင့် မကင်းနိုင်သူများအတွက် **နိုင်ငံရေး၊ ကျန်းမာရေး၊ ပညာရေး၊ ရာသီဥတု၊ ကမ္ဘာလုံးဆိုင်ရာ ပြဿနာများ၊ ငွေကြေးနှင့် ဘဏ္ဍာရေး** စသည့် အဓိကအကျဆုံး ခေါင်းစဉ် ၁၅ မျိုးထဲမှ စကားလုံးများစွာအနက် သိသင့်သည်များကိုသာ ရွေးချယ်ပြီး အခြေခံမှ အဆင့်မြင့်အထိ အစီအစဉ်အလိုက် ဖော်ပြထားသည်။

ယင်းစာအုပ်ကို မဇ္ဈိမစာပေ အမှတ်(၂၃၇) ၃၉လမ်း ကျောက်တံတားမြို့နယ် ရန်ကုန်မြို့က ဖြန့်ချိလိုက်သည်။

Selected Writings of U Yi Sein စာအုပ် ထုတ်ဝေ

မြန်မာသမိုင်းအဖွဲ့ဝင် ဦးရည်စိန် (၁၉၂၄-၂၀၀၅)၏ သမိုင်းဘာသာရပ်ဆိုင်ရာ သုတေသနစာတမ်းများကို ဦးသော်ကောင်းက စုစည်းထားခြင်းဖြစ်သည်။ ဤစာအုပ်တွင် ပျူခေတ်မှစ၍ ၂၀ ရာစုနှစ်ဦးပိုင်းအထိ မြန်မာ-တရုတ်ဆက်ဆံရေးသမိုင်းကြောင်းများ၊ တရုတ်မှတ်တမ်းအထောက်အထားများဆိုင်ရာ အင်္ဂလိပ်စာတမ်း ခုနစ်ပုဒ်၊ မြန်မာစာတမ်း ၂၁ ပုဒ် စုစုပေါင်း ၂၈ ပုဒ်ပါဝင်သည်။

ယင်းစာတမ်းများသည် တရုတ်-မြန်မာဆက်ဆံရေးသမိုင်းအကြောင်းအရာတို့ကို တရုတ်မှတ်တမ်းအထောက်အထားများစွာတို့တွင် သုတေသနပြုမှတ်တမ်းတင်ထားသည့် စာတမ်းများဖြစ်သည်။ ယခုစာအုပ်ကို ထွန်းဖောင်ဒေးရှင်းဘဏ်စာပေကော်မတီ အမှတ်(၅၃/၆၁) သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ဖုန်း-၀၁-၂၉၆၃၂၅၊ ၀၉-၇၃၁၀၄၄၈၇ က ထုတ်ဝေဖြန့်ချိသည်။

Color of Life မဂ္ဂဇင်းထွက်ပြီ

နာမည်ကြီး အနုပညာရှင်များ၏ နှစ်သစ်ရင်ဖွင့်သံ၊ နိုင်ငံတကာအနုပညာလှုပ်ရှားမှု၊ ချက်နည်းပြုတ်နည်း၊ ကစားနည်း၊ ဖက်ရှင်၊ အလှအပ၊ ကျန်းမာရေး၊ ပညာရေးနှင့် သုတရေးရာဆောင်းပါးများ ပါဝင်သည်။ မဂ္ဂဇင်းကို အမှတ်(၇) သစ္စာဥယျာဉ်အိမ်ရာ (ခ)ရပ်ကွက် တောင်ဥက္ကလာပမြို့နယ်နှင့် မန္တလေး နဂါးစာပေ၊ ထွန်းဦးစာပေတို့မှ ဖြန့်ချိသည်။

ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး ကျွန်းစုမြို့နယ် ကျွန်းရတနာခန်းမ၌ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် မြို့မိမြို့ဖများအား အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

❑ ကျောဖုံးမှ

ထို့နောက် ဒုတိယသမ္မတသည် တင်ပြချက်များဖြစ်သည့် ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ လမ်းပန်းဆက်သွယ်ရေး လိုအပ်ချက်များကို သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်းဖြည့်ဆည်းပေးပြီးနောက် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့်တရားစီရင်ရေးဆိုင်ရာ မဏ္ဍိုင်သုံးရပ်ကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခွဲဝေဆောင်ရွက်နေမှု၊ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး၊ လက်နက်ကိုင်ဆန့်ကျင်မှုချုပ်ငြိမ်း၍ ထာဝရငြိမ်းချမ်းမှုတည်ဆောက်ရေး၊ နိုင်ငံတကာဆက်ဆံရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုတိုးတက်ကောင်းမွန်ရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေး၊ ပညာရေးနှင့် ကျန်းမာရေးကဏ္ဍအဆင့် တိုးမြှင့်ဆောင်ရွက်ရေးတို့နှင့်စပ်လျဉ်း၍ အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဒုတိယသမ္မတသည် တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများအား ဒေသအခြေအနေများကို မေးမြန်းပြီး ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထို့မှတစ်ဆင့် ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် ကျွန်းစုမြို့နယ်ဆေးရုံသို့ ရောက်ရှိကြရာ ဆေးရုံအုပ်ကြီး ဒေါက်တာမောင်မောင်ထွေးနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ယင်းနောက် ဒုတိယသမ္မတသည် မြို့နယ်ဆေးရုံ တိုးချဲ့နိုင်ရေးအတွက် မြေနေရာကိုကြည့်ရှုပြီး မြို့နယ်ဆေးရုံ ခွဲစိတ်ခန်းကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်က မြို့နယ်ဆေးရုံဆေးပဒေသာပင်အတွက် အလှူငွေကျပ်သိန်း ၂၀ ကို ဆေးရုံအုပ်ကြီးထံ ပေးအပ်လှူဒါန်းသည်။

ယင်းမှတစ်ဆင့် ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် ကျွန်းစုမြို့နယ် အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိကြရာ မြို့နယ်ပညာရေးမှူး ဒေါ်သန်းသန်းနွယ်၊ ကျောင်းအုပ်ဆရာကြီးနှင့် ဆရာ ဆရာမများက ကြိုဆိုကြသည်။

ယင်းနောက် ဒုတိယသမ္မတသည် ကျောင်းသား ကျောင်းသူများ၏ ပညာသင်ကြားသင်ယူနေမှုနှင့် စာသင်ခန်းများ၏ အခြေအနေကို လိုက်လံကြည့်ရှုသည်။

ထို့နောက် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကြူက ကျွန်းစုမြို့နယ် အခြေခံပညာအထက်တန်းကျောင်းအတွက် အလှူငွေကျပ်သိန်း ၂၀ ကို မြို့နယ်ပညာရေးမှူးထံ ပေးအပ်လှူဒါန်းသည်။

ထို့မှတစ်ဆင့် ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် ကျွန်းစုမြို့မှ ရေယာဉ်ဖြင့် ပြန်လည်ထွက်ခွာလာကြရာ မြိတ်မြို့သို့ မွန်းလွဲပိုင်းတွင် ပြန်လည်ရောက်ရှိကြသည်။

ယင်းနောက် ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် မြိတ်တက္ကသိုလ်သို့ ရောက်ရှိကြသည်။

ထို့နောက် ဒုတိယသမ္မတသည် မြိတ်တက္ကသိုလ် Conference Room ၌ မြိတ်နည်းပညာတက္ကသိုလ်၊ မြိတ်ကွန်ပျူတာတက္ကသိုလ်နှင့် မြိတ်တက္ကသိုလ်တို့မှ ပါမောက္ခချုပ်များ၊ ပါမောက္ခများနှင့် ဆရာ ဆရာမများအား တွေ့ဆုံ၍ အမျိုးသားပညာရည်မြင့်မားရေးအတွက် ဆောင်ရွက်မည့် အစီအစဉ်များ၊ ကျောင်းသား ကျောင်းသူများ၏ တီထွင်ကြံဆမှု၊ လေ့လာစူးစမ်းမှု အလေ့အကျင့်ကောင်းများ ကိန်းအောင်းလာစေရန် လေ့ကျင့်သင်ကြားပေးရေး၊ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်တတ်မြောက်ရေး၊ လုပ်ငန်းခွင်နှင့် အံဝင်ခွင်ကျဖြစ်ရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ဒုတိယသမ္မတသည် အဖွဲ့ဝင်များလိုက်ပါလျက် မြိတ်တောင်နယ်မြေ မြို့သစ်အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)သို့ ရောက်ရှိပြီး ကျောင်းဆောင်သစ် တိုးချဲ့ရန်မြေနေရာ စီစဉ်ထားမှုကို ကြည့်ရှု၍ လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် ဒုတိယသမ္မတနှင့် အဖွဲ့သည် မြိတ်မြို့မှ အထူးလေယာဉ်ဖြင့် ထွက်ခွာလာခဲ့ကြပြီး မွန်းလွဲ ၂ နာရီခွဲတွင် ဘုတ်ပြင်းမြို့သို့ ရောက်ရှိကြရာ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် မြို့မိမြို့ဖများက ဘုတ်ပြင်းလေဆိပ်၌ ကြိုဆိုကြသည်။

ယင်းနောက် ဒုတိယသမ္မတသည် အဖွဲ့ဝင်များလိုက်ပါလျက် ဘုတ်ပြင်းမြို့ သပြေခန်းမ၌ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် မြို့မိမြို့ဖများအား တွေ့ဆုံသည်။

ရှေးဦးစွာ ဘုတ်ပြင်းမြို့နယ် အုပ်ချုပ်ရေးမှူး ဦးညွန့်တင်က ဒေသဆိုင်ရာ အချက်အလက်များနှင့် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းဆောင်ရွက်ထားမှုတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ရပ်မိရပ်ဖများဖြစ်ကြသည့် ဦးလှကြိုင်နှင့် ဦးလှကျော်စိန်တို့က ပညာရေးနှင့် လမ်းပန်းဆက်သွယ်ရေးဆိုင်ရာ လိုအပ်ချက်များကို တင်ပြကြရာ တိုင်းဒေသကြီး ခေတ္တဝန်ကြီးချုပ် ဦးမြတ်ကိုက ဖြည့်စွက်တင်ပြသည်။

ယင်းနောက် ဒုတိယသမ္မတက ဘုတ်ပြင်းမြို့နယ်မှ တာဝန်ရှိသူများနှင့် ရပ်မိရပ်ဖများက တင်ပြသည့် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် လမ်းပန်းဆက်သွယ်ရေးဆိုင်ရာ လိုအပ်ချက်များကို သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်းဖြည့်ဆည်းပေးပြီး နိုင်ငံတော်၏ လက်ရှိနိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ နိုင်ငံတကာဆက်ဆံရေး ဆောင်ရွက်နေမှုအခြေအနေများကို အသေးစိတ် ရှင်းလင်းပြောကြားသည်။

ထို့နောက် ဒုတိယသမ္မတသည် အဖွဲ့ဝင်များလိုက်ပါလျက် ဘုတ်ပြင်းမြို့ အခြေခံပညာ အထက်တန်းကျောင်းသို့ ရောက်ရှိပြီး ကျောင်းဆောင်ပြုပြင်မွမ်းမံရေးအတွက် လှည့်လည်ကြည့်ရှု၍ ဆောင်ရွက်ရန်များကို ပညာရေးဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကြူက အလှူငွေ

ကျပ်သိန်း ၂၀ ကို ကျောင်းအုပ်ဆရာကြီး ဦးမြင့်ရွှေထံ ပေးအပ်လှူဒါန်းသည်။

ထို့မှတစ်ဆင့် ဒုတိယသမ္မတသည် အဖွဲ့ဝင်များနှင့်အတူ တောင်ဒဂုံဆီအုန်းစိုက်ပျိုးရေးစီမံကိန်းအတွင်း တောင်ပေါ်ရေတံခွန်မှ တောင်ကျရေကို သွယ်ယူ၍ ဆီအုန်းစိုက်ခင်းအတွင်း ရေပေးဝေမှုစနစ်ကို ကြည့်ရှုသည်။

ဆက်လက်၍ ဒုတိယသမ္မတနှင့်

တောင်ဒဂုံ ဆီအုန်းစိုက်ပျိုးရေးစီမံကိန်းရှိ ဆီအုန်းပင်များကို တွေ့ရစဉ်။ (သတင်းစဉ်)

တနင်္သာရီတိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာရုံး ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၂၅

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးသည် ဇန်နဝါရီ ၂၂ ရက် ည ၈ နာရီခွဲတွင် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ရှိ တနင်္သာရီတိုင်း လျှပ်စစ်အင်ဂျင်နီယာရုံးသို့ သွားရောက်၍ ဝန်ထမ်းများအား ဝန်ထမ်းစည်းမျဉ်း စည်းကမ်းနှင့်အညီ နေထိုင်ရေး၊ လုပ်ငန်းတာဝန်များကို တိကျမှန်ကန်ကောင်းမွန်စွာ အလေးအနက်ထား ဆောင်ရွက်သွားကြရန်နှင့် ဓာတ်အားပြတ်တောက်မှု လျော့နည်းကျဆင်းရေးတို့ကိုမှာကြားပြီး လျှပ်စစ်အင်ဂျင်နီယာရုံး အသစ်တည်ဆောက်နေမှုနှင့် ဒီဇယ်ဓာတ်အားပေးစက်ရုံ၌ စက်စွမ်းအားပြည့် လည်ပတ်မောင်းနှင်နေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မင်းကွန်းတိပိဋက ဆရာတော်ကြီး ဦးဝိစိတ္တသာရာဘိဝံသ နှစ်(၁၀၀)ပြည့်အား ရည်စူးပြီး မိဘနှစ်ပါး ဦးထိပ်ထား၍ ရန်ကုန်မြို့ ကမာရွတ်မြို့နယ်နေ (ဦးမောင်မောင်ခင်)-ဒေါ်ခင်ညိုမိသားစုက ဇီဝိတဒါနသံဃာ့ဆေးရုံကြီး (ရန်ကုန်)ဝင်းအတွင်းရှိ သာသနာ့နွယ်ဝင် သီလရှင်ဆေးရုံပြုပြင်မွမ်းမံရန် အလှူငွေကျပ်သိန်း ၁၀၀ ကို ပေးအပ်လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ နာယက ဦးသန်းအောင်၊ ဥက္ကဋ္ဌ ဦးမောင်မောင်နှင့် ဒုတိယဥက္ကဋ္ဌ(၂) ဒေါက်တာဦးလှမြင့်တို့ လက်ခံစဉ်။ (ဇီဝိတဒါနသံဃာ့ဆေးရုံ)

ကရင်ပြည်နယ်ဝန်ကြီးချုပ် သစ်ထုတ်လုပ်ရေးနှင့် ရွှေသတ္တုတူးဖော်လုပ်ကိုင်နေသော ကုမ္ပဏီ
အုပ်စုအလိုက် ဘက်စုံအညွှန်းကိန်းစစ်တမ်းကောက်ယူမှု(MICS)ရလဒ်များ

နေပြည်တော် ဇန်နဝါရီ ၂၅

၂၀၁၂ ခုနှစ် ကရင်ပြည်နယ်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အထောက်အကူပြုပျိုးပင်ပေါက်နှင့် သစ်စေ့မျိုးပွဲတော်အ ဘားအံမြို့ ဇွဲကပင်ပျိုးဥယျာဉ်၌ကျင်းပရာ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မင်းနှင့်အဖွဲ့ဝင်များ၊ တက်ရောက်လာကြသူမျာ သစ်စေ့များကို စုပေါင်းပျိုးထောင်စိုက်ပျိုးပေးကြသည်။ အဆိုပါ ပျိုးပင်ပေါက်များနှင့် သစ်မျိုးစုံသစ်စေ့များ စိုက်ပျိုးပွဲတွင် ကျွန်း မဲဇလီ၊ ပျဉ်းမ၊ စိန်ပန်းကလေး၊ ခရေ၊ စိန်ပန်းကြီး၊ အောက်ချင်းစာ စုစုပေါင်းနှစ်သောင်း စိုက်ပျိုးခဲ့သည်။

ကရင်ပြည်နယ်အတွင်း ရွှေသတ္တုတူးဖော်လုပ်ကိုင်နေသော ကုမ္ပဏီလုပ်ငန်းရှင်များနှင့် တွေ့ဆုံပွဲအခမ်းအနားကို မွန်းလွဲ ၁ နာရီတွင် ပြည်နယ်အစိုးရရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မင်းက အမှာစကားပြောကြားပြီး သတ္တုတွင်း ဦးစီးဌာန အင်ဂျင်နီယာမှူး ဦးဝင်းတင်က ရွှေသတ္တု တူးဖော်ထုတ်လုပ်မှုနှင့် စပ်လျဉ်း၍ ရွှေသတ္တုပေးသွင်းမှုနှင့် ပေးသွင်းရန်ကျန်ရှိမှုအခြေအနေတို့ကို ရှင်းလင်းဆွေးနွေးတင်ပြသည်။

ဆက်လက်၍ တက်ရောက်လာကြသည့် ကုမ္ပဏီလုပ်ငန်းရှင်များက ဆွေးနွေးတင်ပြကြပြီး ပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူး ဦးအုန်းမြင့်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်သည် ညနေပိုင်းတွင် လှိုင်းဘွဲ့မြို့နယ် ထီလုံကျေးရွာအနီးရှိ ရွှေဘုတ်ရေလှောင်တမံမှ ဆည်ရေသောက်စနစ်ဖြင့် စိုက်ပျိုးနေသည့် စပ်မျိုးစပါးမျိုးစေ့ထုတ် ၂၅ ဧကစိုက်ပျိုးနေမှုအခြေအနေကို ကွင်းဆင်းကြည့်ရှုအားပေးခဲ့သည်။

အုပ်စုအလိုက် ဘက်စုံအညွှန်းကိန်းစစ်တမ်းကောက်ယူမှု(MICS)ရလဒ်များ ဆွေးနွေးပွဲကို ဇန်နဝါရီ ၁၉ ရက်တွင်

ကုန်သည်/စက်မှုအသင်းချုပ်နှင့် ဂျပန်ကိုယ်စားလှယ်အဖွဲ့တို့တွေ့ဆုံ

ရန်ကုန် ဇန်နဝါရီ ၂၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် အထွေထွေအတွင်းရေးမှူး ဒေါက်တာမျိုးသက်နှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များအား ဂျပန်နိုင်ငံ Japan Telecommunications Engineering & Consulting Service(JTEC) မှ Senior Consultant, Mr. Makoto FUSE နှင့် အဖွဲ့ဝင်သုံးဦးပါ ကိုယ်စားလှယ်အဖွဲ့သည် ဇန်နဝါရီ ၂၀ ရက် နံနက် ၁၁ နာရီတွင် ရန်ကုန်မြို့ရှိ အသင်းချုပ်ရုံး၌ လာရောက်တွေ့ဆုံသည်။

ယင်းသို့တွေ့ဆုံရာတွင် လျှပ်စစ်အားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် နှစ်နိုင်ငံပူးပေါင်းတိုးမြှင့်ဆောင်ရွက်နိုင်ရေးကိစ္စ၊ သတင်းနှင့် နည်းပညာဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲတစ်ရပ် ကျင်းပလိုခြင်းကိစ္စတို့ကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နည်းပညာအကူအညီရရှိပါက စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်နိုင်

ရေတာရှည် ဇန်နဝါရီ ၂၅

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ဆွာချောင်းရေလှောင်တမံ ဆည်ရေသောက် နွေစပါးစိုက်လယ်ယာမြေများအား စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်စွာဆောင်ရွက်နိုင်ရေးအတွက် မြို့နယ်လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဦးစီးဌာနမှ ရေစီးရေလာကောင်းမွန်စေရန် ရေမြောင်းများ အဆင့်မြှင့်ပြုပြင်ခြင်း၊ ခေတ်မီ သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ် ၁၄ ချက်နှင့်အညီ တောင်သူများ စိုက်ပျိုးနိုင်ရေးအတွက် တာဝန်ရှိသူများက အနီးကပ်ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

နွေစပါးစိုက်ပျိုးလျာထားဧက ၂၈၀၀၀ ကို အောင်မြင်စွာ အချိန်မီစိုက်ပျိုးနိုင်ရေးအတွက် ရေတာရှည်မြို့နယ် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ မြေယာပြုပြင်ခြင်း၊ အစေ့ချစိုက်ပျိုးခြင်း၊ အကွက်ချပေါင်ဆွဲခြင်းနှင့် ရေအဝင်အထွက် ထိန်းသိမ်းခြင်းတို့ကို ကူညီဆောင်ရွက်ပေးခဲ့သည်။ **(ယာပုံ)**

တောင်သူများအနေဖြင့် စပါးစိုက်ပျိုးနည်းစနစ်မမှန်ကန်မှု၊ စပါးဈေးနှုန်းကျဆင်းမှုကြောင့် စိုက်ပျိုးကုန်ကျစရိတ်နှင့် မကာမိသည့်အတွက် စပါးစိုက်ပျိုးသူအများစုမှာ အရှုံးပေါ်ခဲ့သည်ကို တွေ့ရသည်။ ယခုကဲ့သို့ စိုက်ပျိုးနည်းစနစ်များ တိုးတက်ပြောင်းလဲလာသည်နှင့်အမျှ မျိုးကောင်းမျိုးသန့်စပါးများ လိုအပ်သည့် မြေဆီဩဇာသုံးစွဲမှု၊ သက်ဆိုင်ရာတာဝန်ရှိသူများ၏ နည်းပညာအကူအညီ အထောက်အပံ့များ စဉ်ဆက်မပြတ်ရရှိပါက တောင်သူတို့၏ စိုက်ပျိုးရေးအခန်းကဏ္ဍမှာ များစွာဖွံ့ဖြိုးတိုးတက်နိုင်မည်ဖြစ်ကြောင်း သိရှိရသည်။ (၅၇၈)

ဦးမြတ်ကိုက ဖြည့်စွက်တင်ပြသည်။

ယင်းနောက် ဒုတိယသမ္မတက ဘုတ်ပြင်းမြို့နယ်မှ တာဝန်ရှိသူများနှင့် ရပ်မိရပ်ဖများက တင်ပြသည့် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် လမ်းပန်းဆက်သွယ်ရေးဆိုင်ရာ လိုအပ်ချက်များကို သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်းဖြည့်ဆည်းပေးပြီး နိုင်ငံတော်၏ လက်ရှိနိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ နိုင်ငံတကာဆက်ဆံရေး ဆောင်ရွက်နေမှုအခြေအနေများကို အသေးစိတ်ရှင်းလင်းပြောကြားသည်။

ထို့နောက် ဒုတိယသမ္မတသည် အဖွဲ့ဝင်များလိုက်ပါလျက် ဘုတ်ပြင်းမြို့ အခြေခံပညာ အထက်တန်းကျောင်းသို့ ရောက်ရှိပြီး ကျောင်းဆောင်ပြုပြင်မွမ်းမံရေးအတွက် လှည့်လည်ကြည့်ရှု၍ ဆောင်ရွက်ရန်များကို ပညာရေးဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကြူက အလှူငွေ ကျပ်သိန်း ၂၀ ကို ကျောင်းအုပ်ဆရာကြီး ဦးမြင့်ရွှေထံ ပေးအပ်လှူဒါန်းသည်။

ထိုမှတစ်ဆင့် ဒုတိယသမ္မတသည် အဖွဲ့ဝင်များနှင့်အတူ တောင်ဒဂုံဆီအုန်းစိုက်ပျိုးရေးစီမံကိန်းအတွင်း တောင်ပေါ်ရေတံခွန်မှ တောင်ကျရေကို သွယ်ယူ၍ ဆီအုန်းစိုက်ခင်းအတွင်း ရေပေးဝေမှုစနစ်ကို ကြည့်ရှုသည်။

ဆက်လက်၍ ဒုတိယသမ္မတနှင့် အဖွဲ့သည် တောင်ဒဂုံဆီအုန်း စိုက်ပျိုးရေးစီမံကိန်းရှိ ဆီအုန်းလုပ်သားများ၏ သားသမီးများ ပညာသင်ကြားရေးအတွက် ဆောင်ရွက်ပေးသည့် အခြေခံပညာ မူလတန်းကျောင်းသို့ ရောက်ရှိကြပြီး ဒေသခံကျောင်းသား ကျောင်းသူ ၁၀၀ ကျော်အပါအဝင် အလုပ်သမားများ၏ သားသမီး ကျောင်းသား ကျောင်းသူ စုစုပေါင်း ၄၂၀ တို့၏ ပညာသင်ကြားနေမှု၊ ကျောင်းသား ကျောင်းသူများ၏ ထမင်းစားဆောင်တို့ကို ကြည့်ရှုစစ်ဆေး၍ ကျောင်းသားများ စဉ်ဆက်မပြတ် ပညာသင်ကြားနိုင်ရေးအတွက် အဆိုပါ အခြေခံပညာ မူလတန်းကျောင်းကို အခြေခံပညာအလယ်တန်းအဆင့်သို့ တိုးမြှင့်ဆောင်ရွက်သွားနိုင်ရန် ပညာရေးဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယသမ္မတနှင့် အဖွဲ့သည် တောင်ဒဂုံဆီအုန်းစိုက်ပျိုးရေး စီမံကိန်းမှ လုပ်သားများနှင့် မိသားစုများအတွက် စီစဉ်ပေးထားသော ခုတင် (၂၀)ဆံ့ လုပ်သားဆေးရုံကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယသမ္မတနှင့် အဖွဲ့သည် တောင်ဒဂုံဆီအုန်းစိုက်ပျိုးရေး စီမံကိန်းရှိ တောင်ဒဂုံဆီကြိတ်စက်ရုံသို့ ရောက်ရှိပြီး စက်ရုံအတွင်း ဆီကြိတ်ထုတ်လုပ်နေမှုကိုကြည့်ရှုအားပေးကြရာ မန်နေဂျင်းဒါရိုက်တာ ဦးအောင်ထွေးက လိုက်လံရှင်းလင်းပြသသည်။

အဆိုပါ တောင်ဒဂုံဆီအုန်း စိုက်ပျိုးရေးစီမံကိန်းကို ၁၉၉၉ ခုနှစ် မေ ၁၅ ရက်တွင် စီမံကိန်းစတင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး စီမံကိန်းဧရိယာ ၁၃၂၄၅ ဧကအနက် ၈၆၄၆ ဧက စိုက်ပျိုးပြီးကြောင်းနှင့် လက်ရှိ ဆီသီးခူးဧက ၆၀၉၇ ဧကရှိပြီး တစ်ဧကအထွက်နှုန်းမှာ ၆ ဒသမ ၇ တန်နှင့် ဆီသီးအခိုင်တစ်ခိုင်၏ ပျမ်းမျှအလေးချိန်မှာ ၆ ဒသမ ၆၅ ပိဿာခန့်ရှိကြောင်း သိရသည်။

အလားတူ တစ်နာရီ ၇ ဒသမ ၅ တန်ကျ ဆီကြိတ်စက်ရုံကို ၂၀၀၂ ခုနှစ်တွင် တည်ထောင်ခဲ့ပြီး ယခုအခါ တစ်နာရီတန် ၃၀ ကျ စက်ရုံကို ၂၀၀၆ ခုနှစ်တွင် တိုးမြှင့်တည်ဆောက်ခဲ့သည်။ ၂၀၀၃-၂၀၀၄ ခုနှစ်မှစ၍ ဆီသီးခိုင်ထွက်ရှိပြီး ၂၀၁၁ ခုနှစ် ဒီဇင်ဘာလအထိ စုစုပေါင်းဆီသီးခိုင် တန် ၁၈၆၀၆၆ ဒသမ ၇၃ တန်ထွက်ရှိကာ ဆီကြိတ်တန် ၃၈၈၉၆ တန်ရရှိကြောင်း သိရသည်။

တောင်ဒဂုံဆီအုန်းစိုက်ပျိုးရေးစီမံကိန်းတွင် အလုပ်သမားအင်အား စုစုပေါင်း ၁၀၀၈ ဦးနှင့် မှီခိုသူအပါအဝင် စုစုပေါင်း ၂၀၂၃ဦးရှိပြီး ယင်းတို့အတွက် အလုပ်သမားတန်းလျားများ စနစ်တကျ ဆောက်လုပ်ပေးထားကာ ရေမီးအပြည့်အစုံ ဖြည့်ဆည်းပေးထားကြောင်း သိရသည်။

ထို့ပြင် အလုပ်သမားမိသားစုများအတွက်သာမက ဒေသခံပြည်သူများအတွက်ပါ ဆေးဝါးကုသမှု ခံယူနိုင်ရေးအတွက် ဆေးရုံနှင့် ကလေးများ စာသင်ကြားနိုင်ရန် စာသင်ကျောင်း၊ သက်သာဆိုင်နှင့် ကလေးကစားကွင်းများ တည်ဆောက်ပေးထားပြီး ဒေသဖွံ့ဖြိုးရေးအတွက် လမ်း၊ တံတားများကိုပါ တည်ဆောက်လှူဒါန်းခဲ့ကြောင်း သိရှိရသည်။ ထို့ပြင် စီမံကိန်းနှင့် ဒေသခံများ ပါအသုံးပြုနိုင်သည့် ဆိပ်ခံတံတားတစ်ခုကိုလည်း တည်ဆောက်ထားသည်။

ထို့နောက် ဒုတိယသမ္မတနှင့် အဖွဲ့သည် ဘုတ်ပြင်းမြို့မှ အထူးလေယာဉ်ဖြင့် ပြန်လည်ထွက်ခွာလာကြရာ ညနေပိုင်းတွင် မြိတ်မြို့သို့ ရောက်ရှိပြီး အခြေပြုရပ်နားကြသည်။ (သတင်းစဉ်)

ဒုတိယသမ္မတ သီဟသူရ ဦးတင်အောင်မြင့်ဦး ဘုတ်ပြင်းမြို့ တောင်ဒဂုံ ဆီအုန်းစိုက်ပျိုးရေး စီမံကိန်းရှိ ဆီအုန်းလုပ်သားများ၏ သားသမီးများ ပညာသင်ကြားရေးအတွက် ဆောင်ရွက်ပေးသည့် အခြေခံပညာ မူလတန်းကျောင်း၌ ကျောင်းသား ကျောင်းသူများ ပညာသင်ကြား သင်ယူနေမှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

ဒုတိယသမ္မတ သီဟသူရ ဦးတင်အောင်မြင့်ဦး ကျွန်းစုမြို့နယ် အခြေခံပညာ အထက်တန်းကျောင်း ကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ဓမ္မာစရိယနှင့် ပထမပြန်စာမေးပွဲ ကျင်းပမည့်ရက် ထုတ်ပြန်ကြေညာ

နေပြည်တော် ဇန်နဝါရီ ၂၅

သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကျင်းပမည့် ၂၀၁၂ ခုနှစ် ဓမ္မာစရိယနှင့် ပထမပြန်စာမေးပွဲ အချိန်စာရင်းကို ယနေ့ ထုတ်ပြန်ကြေညာသည်။

ဓမ္မာစရိယစာမေးပွဲကို ၁၃၇၃ ခုနှစ် တန်ခူးလဆန်း ၁၁ ရက် (တနင်္လာနေ့)မှ တန်ခူးလပြည့်ကျော် ၄ ရက် (အင်္ဂါနေ့)အထိ (၂-၄-၂၀၁၂)ရက်မှ (၁၀-၄-၂၀၁၂)ရက်အထိ ကျင်းပမည်ဖြစ်သည်။

ပထမပြန်စာမေးပွဲများကို စစ်ကိုင်း၊ ပဲခူး၊ မကွေး၊ မန္တလေး၊ ရန်ကုန်၊ ဧရာဝတီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့၌ ၁၃၇၃ ခုနှစ် တန်ခူးလဆန်း ၄ ရက် (တနင်္လာနေ့)မှ တန်ခူးလဆန်း ၁၁ ရက် (တနင်္လာနေ့)အထိ၊ (၂၆-၃-၂၀၁၂) ရက်မှ(၂-၄-၂၀၁၂)ရက်အထိ၊ (၂၇-၃-၂၀၁၂)ရက် (တပ်မတော်နေ့)မှအပ ကျင်းပမည်ဖြစ်ပြီး ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ရခိုင်၊ ရှမ်းပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့၌ ၁၃၇၃ ခုနှစ် တန်ခူးလဆန်း ၁၁ ရက် (တနင်္လာနေ့)မှ တန်ခူးလပြည့်ကျော် ၂ ရက် (တနင်္ဂနွေနေ့)အထိ၊ (၂-၄-၂၀၁၂)ရက်မှ (၈-၄-၂၀၁၂)ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

...သတ္တုတူးဖော်လုပ်ကိုင်နေသော ကုမ္ပဏီလုပ်ငန်းရှင်များနှင့်တွေ့ဆုံ

...ကောက်ယူမှု(MICS)ရလဒ်များ ဆွေးနွေးပွဲတက်ရောက်

... ဇန်နဝါရီ ၂၅

...အထောက်အကူပြုပျိုးပင်ပေါက်နှင့် သစ်စေ့ပျိုးပွဲတော်အခမ်းအနားကို ဇန်နဝါရီ ၁၈ ရက်တွင် ...ဦးဇော်မင်းနှင့်အဖွဲ့ဝင်များ၊ တက်ရောက်လာကြသူများက ပျိုးပင်ပေါက်များနှင့် သစ်မျိုးစုံ ...ပေါက်များနှင့် သစ်မျိုးစုံသစ်စေ့များ စိုက်ပျိုးပွဲတွင် ကျွန်း၊ ပျဉ်းကတိုး၊ မဟော်ဂနီ၊ ပိတောက်၊ ...ပေါင်းနှစ်သောင်း စိုက်ပျိုးခဲ့သည်။

တွင် လှိုင်းဘွဲ့မြို့နယ် ထီလုံကျေးရွာအနီးရှိ ရွှေဘုတ်ရေလှောင်တမံမှ ဆည်ရေသောက်စနစ်ဖြင့် စိုက်ပျိုးနေသည့် စပ်မျိုးစပါးမျိုးစေ့ထုတ် ၂၅ ဧက စိုက်ပျိုးနေမှုအခြေအနေကို ကွင်းဆင်းကြည့်ရှုအားပေးခဲ့သည်။

အုပ်စုအလိုက် ဘက်စုံအညွှန်းကိန်း စစ်တမ်းကောက်ယူမှု(MICS)ရလဒ်များ ဆွေးနွေးပွဲကို ဇန်နဝါရီ ၁၉ ရက်တွင် ကရင်ပြည်နယ် ဘားအံမြို့ဟိုတယ် (ဇွဲကပင်)၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး ယူနီဆက်မှ Ms.Yumi Bae က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

ဆွေးနွေးပွဲတွင် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန စီမံကိန်းရေးဆွဲရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်သွေးသွေးချစ်က ကလေးသူငယ်ဖွံ့ဖြိုးမှု၊ ရေနှင့်မိလ္လာနှင့် HIV/ AIDS အကြောင်း တင်ပြဆွေးနွေးသည်။ ထို့နောက် ယူနီဆက်မှ စီမံကိန်းအရာရှိ ဦးသန်းညွှန့်က ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး၊ ပညာပေး၊ ကလေးသူငယ်သေဆုံးမှု၊ နမူနာကောက်ကွက်နှင့် ကိန်းဂဏန်းကောက်ယူမှုကိုလည်းကောင်း၊ ညွှန်ကြားရေးမှူး ဒေါ်သွေးသွေးချစ်က အာဟာရ၊ ကလေးသူငယ်ကျန်းမာရေးနှင့် မျိုးဆက်ပွား ကျန်းမာရေးလုပ်ငန်းများကို လည်းကောင်း တင်ပြကြကာ တက်ရောက်လာကြသူများ၏ မေးမြန်းချက်များကို ဆွေးနွေးဖြေကြားခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဇန်နဝါရီ ၂၅ ရက်က ရန်ကုန်မြို့ ဩစတြေးလျနိုင်ငံ သံရုံး၌ ကျင်းပသည့် ဩစတြေးလျနေ့ (Australia Day) ညစာစားပွဲ အခမ်းအနားသို့ တက်ရောက်လာသော ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဖေသက်ခင်နှင့် ဇနီးအား မြန်မာနိုင်ငံဆိုင်ရာ ဩစတြေးလျနိုင်ငံ သံအမတ်ကြီး H.E. Ms. Bronte Nadine Moules ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၂၆-၁-၂၀၁၂ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်

၇:၁၅ ၂။ နမော . . . နမော (သန်းမြတ်စိုးနှင့်အဖွဲ့၊ ဂီတစာဆို-မောင်မောင်လတ်)

၇:၂၅ ၃။ ကျန်းမာဖို့အတူကစားစို့

ညပိုင်း

၄:၄၅ ၁။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ - ပထမနှစ်(ရူပဗေဒ အထူးပြု) (ရူပဗေဒ)

၅:၁၀ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ

၅:၁၅ ၃။ ဘူမိအပူသုံးစွမ်းအင်များ (အပိုင်း-၂)

၅:၂၅ ၄။ ရုပ်မြင်ရသတေးစုကဏ္ဍ

၅:၄၀ ၅။ သိပ္ပံနှင့်သဘာဝပတ်ဝန်းကျင်

၆:၄၀ ၆။ ထူးဆန်းထွေလာများကို သိပ္ပံဖြင့်ချဉ်းကပ်ခြင်း

၇:၀၀ ၇။ နိုင်ငံခြားဇာတ်လမ်းတွဲ "အချစ်နဲ့အမုန်း" (ဒုတိယတွဲ) (အပိုင်း-၂၆)

၈။ အစာလည်းဆေး၊ ဆေးလည်းအစာ

၉။ နိုင်ငံခြားဇာတ်လမ်းတွဲ "ရေသူမလေး နောက်ဆုံးချစ်ပုံပြင်" (ဒုတိယတွဲ) (အပိုင်း-၃၈) (ဇာတ်သိမ်း)

၁၀။ နိုင်ငံခြားဇာတ်လမ်းတွဲ "အချစ်ဆုံး" (အပိုင်း-၂၈)

နေပြည်တော်ကောင်စီဝင် ဦးသန်းငွေ ပုဗ္ဗသီရိမြို့နယ် အမှတ်(၉၇) အခြေခံပညာအလယ်တန်းကျောင်းခွဲ၏ ကျောင်းမျက်နှာစာ မြေဖို့မြေညှိခြင်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

အခြေခံပညာအလယ်တန်းကျောင်းခွဲ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၂၅

နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ အခြေခံပညာကျောင်းများ သန့်ရှင်းသပ်ရပ်ရေး၊ ကျောင်းသား ကျောင်းသူများ၏ ပညာရည်မြင့်မားရေးနှင့် သန့်ရှင်းသောသောက်သုံးရေရရှိရေးတို့ကို နေပြည်တော်ကောင်စီက ကြီးကြပ်ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၂၅ ရက် နံနက် ၈ နာရီတွင် နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ် အမှတ်(၉၇) အခြေခံပညာအလယ်တန်းကျောင်းခွဲ၏ ကျောင်းမျက်နှာစာ မြေဖို့မြေညှိခြင်းနှင့် သောက်သုံးရေရရှိရေး ဆောင်ရွက်နေမှုများကို နေပြည်တော်ကောင်စီဝင် ဦးသန်းငွေ ကြည့်ရှုစစ်ဆေးပြီး ကျောင်းသား ကျောင်းသူများ၏ ပညာရည်မြင့်မားရေး၊ လျှပ်စစ်မီးချွေတာသုံးစွဲရေးနှင့် မီးဘေးအန္တရာယ်ကင်းရှင်းရေး ကျောင်းပရဝဏ်အတွင်း အရိပ်ရပင်၊ သီးပင်စားပင်နှင့် ပန်းအလှပင်များ စိုက်ပျိုးရေးတို့ကို ဆောင်ရွက်သွားကြရန် မှာကြားခဲ့ကြောင်း သိရှိရသည်။ (သတင်းစဉ်)



(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ တာဝန်ထမ်းဆောင်ရန် လျှောက်လွှာတင်သွင်းထားရှိသည့် ဆက်ဆံရေးအရာရှိနှင့် လုပ်အားပေးလူငယ်အရာရှိများအတွက် ပထမအကြိမ် လူတွေ့စစ်ဆေးမည်

နေပြည်တော် ဇန်နဝါရီ ၂၅

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကို ၂၀၁၃ ခုနှစ် ဒီဇင်ဘာလတွင် မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပမည်ဖြစ်ရာ အဆိုပါ ပြိုင်ပွဲ၌ ဆက်ဆံရေးအရာရှိနှင့် လုပ်အားပေးလူငယ်အရာရှိအဖြစ် တာဝန်ထမ်းဆောင်ရန် လျှောက်လွှာတင်သွင်းထားသူများ (တက္ကသိုလ်/ကောလိပ် နေ့စဉ်တက်ရောက်နေသူများမပါ)ကို ခေါ်ယူစစ်ဆေးသွားမည်ဖြစ်သည်။

နေပြည်တော်၊ ရှမ်းပြည်နယ်(တောင်ပိုင်း) ၊ ကယားပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီး(တောင်ငူခရိုင်) ဒေသများမှ လျှောက်ထားသူများသည် ၃ -၂ -၂၀၁၂ ရက် (သောကြာနေ့)တွင် နံနက် ၉ နာရီမှ ညနေ ၅ နာရီ အတွင်း နေပြည်တော်အားကစားဝန်ကြီးဌာန ရုံးအမှတ်(၃၁) မြေညီထပ်ရုံးသို့ ကြိုတင်သတင်းပို့ရမည်။ လူတွေ့စစ်ဆေးခြင်းကို ၄-၂-၂၀၁၂ ရက် (စနေနေ့)တွင် နံနက် ၉ နာရီမှ စတင်၍ စစ်ဆေးမည်ဖြစ်သည်။

ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး (တောင်ငူခရိုင်မပါ)၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)နှင့် ကရင်ပြည်နယ်ဒေသများမှ လျှောက်ထားသူများသည် ၉-၂-၂၀၁၂ ရက်(ကြာသပတေးနေ့)နှင့် ၁၀-၂-၂၀၁၂ ရက် (သောကြာနေ့)များတွင် နံနက် ၉ နာရီမှ ညနေ ၅ နာရီအတွင်း အားကစားနှင့် ကာယပညာသိပ္ပံ (ရန်ကုန်) ကျောင်းသင်တန်းခန်းမ ကျိုက္ကဆံကွင်း တာမွေမြို့နယ် ရန်ကုန်တိုင်းဒေသကြီးသို့ လူကိုယ်တိုင် ကြိုတင်သတင်းပို့ရမည်။ လူတွေ့စစ်ဆေးခြင်းကို ၁၁-၂-၂၀၁၂ ရက် (စနေနေ့)၊ ၁၂-၂-၂၀၁၂ ရက် (တနင်္ဂနွေနေ့)၊ ၁၃-၂-၂၀၁၂ ရက် (တနင်္လာနေ့)နှင့် ၁၄-၂-၂၀၁၂ ရက် (အင်္ဂါနေ့)များတွင် နေ့စဉ်နံနက် ၉ နာရီမှ စတင်၍ စစ်ဆေးဆောင်ရွက်မည်ဖြစ်သည်။

မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) ဒေသများမှ လျှောက်ထားသူများသည် ၁၆-၂-၂၀၁၂ ရက် (ကြာသပတေးနေ့)နှင့် ၁၇-၂-၂၀၁၂ ရက် (သောကြာနေ့) နံနက် ၉ နာရီမှ ညနေ ၅ နာရီအတွင်း အားကစားနှင့် ကာယပညာသိပ္ပံ (မန္တလေး) သင်တန်းရုံး (၆၈)လမ်းနှင့် (၇၃)လမ်းကြား၊ သဇင်လမ်းနှင့် ငုရွှေဝါလမ်းကြား ချမ်းမြသာစည်မြို့နယ် မန္တလေးတိုင်းဒေသကြီး မန္တလေးသို့ လူကိုယ်တိုင် ကြိုတင်သတင်းပို့ရမည်။ လူတွေ့စစ်ဆေးခြင်းကို ၁၈-၂-၂၀၁၂ ရက် (စနေနေ့)၊ ၁၉-၂-၂၀၁၂ ရက် (တနင်္ဂနွေနေ့)နှင့် ၂၀-၂-၂၀၁၂ ရက် (တနင်္လာနေ့)များတွင် နေ့စဉ် နံနက် ၉ နာရီမှ စတင်၍ သတင်းပို့ထားရှိသည့် ဌာနနေရာ၌ စစ်ဆေးဆောင်ရွက်မည်ဖြစ်သည်။

တက္ကသိုလ်/ကောလိပ် နေ့စဉ်တက်ရောက်ပညာသင်ကြားနေသော လျှောက်လွှာရှင်များအတွက် ကျောင်းပိတ်ချိန်ကာလဖြစ်သော ဧပြီလနှင့် မေလတို့တွင် လူတွေ့စစ်ဆေးခေါ်ယူခြင်းကို ဆောင်ရွက်သွားမည် ဖြစ်သည်။

အသေးစိတ်သိရှိလိုပါက (ရုံးချိန်အတွင်း) အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာန ရုံးဖုန်း-၀၆၇-၄၀၆၁၈၂ နှင့် ၀၆၇-၄၀၆၄၅၉ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ရန်ကုန်တိုင်းဒေသကြီး ကျောင်းပေါင်းစုံခရစ်ကက်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၅

မြန်မာနိုင်ငံခရစ်ကက်အဖွဲ့ချုပ်နှင့် ရန်ကုန်တိုင်းဒေသကြီး အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော ၂၀၁၁-၂၀၁၂ ပညာသင်နှစ် ကျောင်းပေါင်းစုံ ခရစ်ကက်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို ဇန်နဝါရီ ၂၄ ရက်က ကျင်းပရာ မြန်မာနိုင်ငံခရစ်ကက် အမှုဆောင်များနှင့် အခြေခံပညာမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ ဗိုလ်လုပွဲအပြီးဆုပေးပွဲကို ဆက်လက်ကျင်းပရာ ပူးတွဲတတိယအဖြစ် အလက

(၃) သယ်န်းကျွန်းနှင့် အထက(၂)တာမွေတို့ကလည်းကောင်း၊ ဒုတိယဆုကို အလက(၆)မင်္ဂလာဒုံအသင်းက လည်းကောင်း၊ အကောင်းဆုံးဘက်တံရိုက်ဆုကို အထက(၂)တာမွေမှ ဇင်ဖုန်းပိုင်က လည်းကောင်း၊ အကောင်းဆုံးဘောလုံးပစ်ဆုကို အလက(၆) မင်္ဂလာဒုံမှ ငြိမ်းချမ်းစိုးကလည်းကောင်း၊ အကောင်းဆုံး ဘက်စုံထူးချွန်ဆုကို အထက(၄)အလုံမှ အောင်သူရလင်းက လည်းကောင်း၊ ပထမဒိုင်းဆုကို အထက(၄)အလုံမှ လည်းကောင်းရရှိကြသည်။ ဆုများကို မြန်မာနိုင်ငံခရစ် ကက်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးညွန့်ဝင်းနှင့်အမှုဆောင်များက လည်းကောင်း၊ အမှတ်(၃) အခြေခံပညာဦးစီးဌာန ဦးစီးအရာရှိ ဦးအေးမင်းနှင့် တာဝန်ရှိသူများကလည်း ကောင်း ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။**(အပေါ်ပုံ)**

(မြန်မာနိုင်ငံခရစ်ကက်အဖွဲ့ချုပ်)

တတိယနေ့ (၁၈)ကျင်းပြိုင်ပွဲကို ဇန်နဝါရီ ၂၆ ရက် နံနက် ၈ နာရီခွဲတွင် ယင်းဂေါက်ကလပ်၌ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

Road To Victory ဂေါက်သီးရိုက်ပြိုင်ပွဲ ဆက်လက်ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၅

၂၀၁၂ခုနှစ် ဖေဖော်ဝါရီ ၂ ရက်မှ ၅ ရက်အထိ ကျင်းပမည့် Zaykabar Myanmar Open 2012 ဂေါက်သီးရိုက်ပြိုင်ပွဲ၌ မြန်မာ့ဂေါက်သီးအားကစားသမားများ အောင်နိုင်ရေးအတွက် လက်ရည်စစ်အကြိုပြိုင်ပွဲအဖြစ် မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသော Road To Victory ဂေါက်သီးရိုက်ပြိုင်ပွဲကို ယနေ့ နံနက် ၁၁ နာရီခွဲတွင် မင်္ဂလာဒုံမြို့နယ်ရှိ Royal Mingalardon Golf & Country Club ၌ ဆက်လက်ကျင်းပသည်။

ဒုတိယနေ့(၁၈)ကျင်းပြိုင်ပွဲအပြီးတွင် ဖော်ဇော်လတ်က သတ်မှတ်ရိုက်ချက်ထက် ခြောက်ချက်လျော့ရိုက်ပြီး ၁၃၈ ချက်ဖြင့် ဦးဆောင်ကစားလျက်ရှိသည်။

ဦးဆောင်ကစားလျက်ရှိသည့် ၎င်းနောက်မှ မျိုးဝင်းအောင်က ၁၄၃ ချက်၊ လှမျိုးက ၁၄၄ ချက်၊ စိုးမိုးဝင်းက ၁၄၅ ချက်၊ မင်းနိုင်က ၁၄၅ ချက်၊ အောင်ဝင်းက ၁၄၆ ချက်၊ နေဗလဝင်းမြင့်က ၁၄၆ ချက်၊ နိုင်နိုင်လင်းက ၁၄၉ ချက်၊ စိုးကျော်နိုင်က ၁၄၉ ချက်၊ နိုင်ရဲလင်းက ၁၄၉ ချက်၊ မြင့်ရွှေက ၁၅၀ ချက်၊ သိန်းဇော်မြင့်က ၁၅၀ ချက်၊ ရန်မျိုးအေးက ၁၅၁ ချက်၊ ဇော်ဇင်ဝင်းက ၁၅၃ ချက်၊ ဘိုဘိုက ၁၅၃ ချက်၊ အောင်ဆန်းဝင်းက ၁၅၃ ချက်၊ ရဲထက်အောင်က ၁၅၄ ချက်၊ မောင်မောင်ဦးက ၁၅၅ ချက်၊ ရန်နိုင်ဖြိုးက ၁၅၆ ချက်နှင့် ယဉ်အောင်လတ်က ၁၅၆ ချက်တို့ အသီးသီးရရှိထားကြသည်။

နိုင်ငံတကာ အနုပညာရပ်ဝန်း

(၈၄)ကြိမ်မြောက် အော်စကာဆုပေးပွဲအတွက် ရွေးချယ်ခံထားရသည့် အော်စကာဆုအမည်စာရင်းများ ထုတ်ပြန်ကြေညာ

ဟောလိဝုဒ်နာမည်ကျော်မင်းသမီးချော ဂျနီဖာလောရင့်သည် မစ္စတာတွမ်ရှီယာအက်ခ်နှင့် တွဲဖက်၍ ဇန်နဝါရီ ၂၄ ရက် နံနက်ပိုင်းက အမေရိကန်နိုင်ငံ ဘာဗလီဟေးလ်ရှိ ဆင်မြူရယ်ဂိုးဝင်းက ဇာတ်ရုံ၌ (၈၄)ကြိမ်မြောက် အော်စကာဆုပေးပွဲအတွက် ရွေးချယ်ခံထားရသည့် အော်စကာဆု အမည်စာရင်းများကို ထုတ်ပြန် ကြေညာပေးခဲ့ကြောင်း သတင်းများတွင် ဖော်ပြသည်။

(၈၄)ကြိမ်မြောက် အော်စကာဆုပေးပွဲတွင် အမည်စာရင်းတင်သွင်းခံထားရသော ဆုများစာရင်းတွင် မကြာမီက ကျင်းပခဲ့သည့် ရွှေကမ္ဘာလုံးဆုပေးပွဲ၌ အောင်ပွဲခံခဲ့သည့် ရုပ်ရှင်ကားများနှင့် အနုပညာရှင်များသာ လွှမ်းမိုးနေခဲ့သည်။ ယခုနှစ်အော်စကာဆုပေးပွဲအတွက် ရုပ်ရှင်အနုပညာ၊ အတတ်ပညာပိုင်းဆိုင်ရာ ဆုအမျိုးအစား ၂၄ မျိုး သတ်မှတ်ထားသည်။

အကောင်းဆုံးဇာတ်ကားဆု အမည်စာရင်းတွင် The Artist၊ The Descendants၊ Extremely Loud & Incredibly Close၊ The Help၊ Hugo၊ Midnight in Paris၊ Moneyball၊ The Tree of Life ဇာတ်ကားနှင့်War Horse ဇာတ်ကားတို့ ရွေးချယ်ခံထားရသည်။

အကောင်းဆုံး အမျိုးသားသရုပ်ဆောင်ဆုအမည်စာရင်းတွင် A Better Life ဇာတ်ကားမှ ဒီမီအန်ဘိုင်ချာ၊ The Descendants ဇာတ်ကားမှ ဂျော့ချ်ကလူနေး၊ The Artist ဇာတ်ကားမှ ဂျိန်းဒူဂျာဒင်၊ Tinker Tailor Soldier Spy ဇာတ်ကားမှ ဂရေးအိုးမန်းနှင့် Moneyball ဇာတ်ကားမှ ဘရက်ဒ်ပစ်တို့က ရေပန်းစားလျက်ရှိသည်။

အကောင်းဆုံးအမျိုးသမီး သရုပ်ဆောင်ဆု အမည်စာရင်းတွင် Albert Nobbs ဇာတ်ကားမှ ဂီလန်းကလို့စ်၊ The Help ဇာတ်ကားမှ ဗိုင်အိုလာဒေးဗစ်၊ The Girl With the Dragon Tattoo ဇာတ်ကားမှ ရွန်နေးမာယာ၊ The Iron Lady ဇာတ်ကားမှ မာရီစထရိ(ထ်)နှင့် My Week With Marilyn ဇာတ်ကားမှ မစ်ချယ်လီဝီလျံတို့က တစ်ပြေးလျက်ရှိသည်။

အကောင်းဆုံး အမျိုးသားဇာတ်ပို့သရုပ်ဆောင်ဆု အမည်စာရင်းတွင် My Week With Marilyn ဇာတ်ကားမှ ကန်းနက်ခ်ဘရန့်ဂျ်၊ Moneyball ဇာတ်ကားမှ ဂျွန်ဟေးလ်၊ Warrior ဇာတ်ကားမှ နစ်ဒိုလ်တီ၊ Beginners ဇာတ်ကားမှ ခရစ္စတိုဖာပလမ်မားနှင့် Extremely Lood & Incredibly Close ဇာတ်ကားမှ မက်စ်ဗွန်ဆိုင်ဒိုတို့က အမည်စာရင်းတင်သွင်းခံထားရသည်။

အကောင်းဆုံးအမျိုးသမီးဇာတ်ပို့သရုပ်ဆောင်ဆု အမည်စာရင်းတွင် The Artist ဇာတ်ကားမှ ဘီရီနိုက်စ်ဘီဂျို၊ The Help ဇာတ်ကားမှ ဂျက်ဆီကာခရစ္စတင်း၊ Bridesmaids ဇာတ်ကားမှ မလီဆာမက်ကာသီ၊ Albert Nobbs ဇာတ်ကားမှ ဂျနက်မက်တီယားနှင့် The Help ဇာတ်ကားမှ အော်တာဗီရာစပန်ဆာတို့က ရွေးချယ်ခံ ထားရသည်။

အကောင်းဆုံးဒါရိုက်တာဆုကို The Artist ဇာတ်ကားဒါရိုက်တာ မစ်ချယ်ဟာဇနာဗီးရှပ်စ်၊The Descendants ဇာတ်ကားဒါရိုက်တာ အလက်ဇန္ဒြားပေးနီ၊ Hugo ဇာတ်ကားဒါရိုက်တာ မာတင်စကော်စီဆီ၊ Midnight in Paris ဇာတ်ကားဒါရိုက်တာ ဝူဒီအယ်လ်လန်နှင့် The Tree of Life ဇာတ်ကားဒါရိုက်တာ တီယားရင့်မာလစ်ခ်တို့က အမည်စာရင်းတင်သွင်းခံထားရသည်။

အကောင်းဆုံး နိုင်ငံခြားဘာသာဇာတ်ကားဆုကို ဘယ်လ်ဂျီယံရုပ်ရှင်ကား Bullhead၊ အစ္စရေးရုပ်ရှင်ကား Footnote၊ ပိုလန်ဇာတ်ကား In Darkness၊ ကနေဒါ ရုပ်ရှင်ကား Monsieur Lazhar နှင့် အီရန်ရုပ်ရှင်ကား A Separation တို့က ရေပန်းစားလျက်ရှိသည်။

(၈၄)ကြိမ်မြောက် အော်စကာဆုပေးပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၆ ရက်(တနင်္ဂနွေနေ့)တွင် အမေရိကန်နိုင်ငံ ဘီလီဗာလီခရစ္စတယ်လ်တွင် ကျင်းပသွားမည်ဖြစ်သည်။ အင်တာနက်။

အောဝမ်းစိုး

နိုင်ငံတကာ အားကစားသတင်း နိုင်ငံတကာ အားကစားသတင်း ➢➢ နိုင်လင်းကြည်

ဘောလုံးလောက သတင်းတိုများ

မန်ယူအသင်းနှင့် ပီအက်စ်ဂျီအသင်းတို့သည် ဗလန်စီယာနောက်တန်းကစားသမားရာမီကို စိတ်ဝင်စားလျက်ရှိပြီး အဆိုပါ ဗလန်စီယာနောက်ခံကစားသမား ပြင်သစ်နိုင်ငံသား ရာမီသည် လာလီဂါပွဲစဉ်များတွင် ဥရောပ ပြိုင်ဘက်အသင်းများထံမှ စိတ်ဝင်စားမှုရရှိရေးကိုလည်း လမ်းကြောင်းပေးခဲ့သည်။ ရာမီအား ကမ်းလှမ်းမှုတစ်ရပ်ပြုလုပ်ရန် မန်ယူအသင်းနှင့် ပီအက်စ်ဂျီအသင်းတို့က စောင့်ကြည့်လျက်ရှိကြောင်းသိရသည်။

ဆီဗီလာအသင်းသည် ရီးယဲလ်မက်ဒရစ်တိုက်စစ်မှူး အယ်လ်ဗာရိုမော်ရက်တာကို အငှား သို့မဟုတ် အပြီးသတ်စာချုပ် ချုပ်ဆိုခေါ်ယူရေး ချဉ်းကပ်မှုများ ပြုလုပ်လျက်ရှိကြောင်းနှင့် ယခုအခိုက်အတန့်ကာလတွင်လည်း စိတ်ဝင်စားမှု ရှိနေကြောင်း သိရသည်။

ဂျူဗင်တပ်စ်အသင်းသည် ဥရုဂွေးကြယ်ပွင့် ဆီဗီလာနောက်ခံကစားသမား မာတင်ကာစီရက်စ်အား ကမ်းလှမ်းမှုတစ်ရပ် ပြုလုပ်ထားသည်။ ဂျူဗင်တပ်စ်အသင်းနှင့် ဆီဗီလာအသင်းတို့သည် ခရစ္စမတ်မတိုင်မီကတည်းက အဆိုပါ ဆီဗီလာနောက်ခံကစားသမား မာတင်ကာစီရက်စ်နှင့် ပတ်သက်၍ အပြောင်းအရွှေ့ဆိုင်ရာ ဈေးစကားဆွေးနွေးခဲ့ကြောင်း သိရသည်။

ရိုးမားအသင်းမှ ချီလီကွင်းလယ်ကစားသမား ဒေးဗစ်ပီဇာရိုနှင့် ဘရာဇီးနောက်ခံကစားသမား စီဆင်ဟိုတို့အား မန်စီးတီးအသင်းမှ စိတ်ဝင်စားလျက်ရှိသည်။

အိုလံပီယာကို့စ်အသင်းသည် ဘလက်ဘန်းကစားသမားမော်ရိုဖော်မီကာအား ခေါ်ယူစာချုပ်ချုပ်ဆိုရန်ကြိုးစားနေပြီး ဘလက်ဘန်းအသင်းကမူ အဆိုပါ အာဂျင်တီးနားကစားသမား ဖော်မီကာနှင့် ပတ်သက်၍ ပြောင်းရွှေ့ကြေး အနည်းဆုံး ပေါင် ၃ ဒသမ ၅ သန်းဖြင့် တောင်းဆိုထားကြောင်းသိရသည်။

ရီးယဲလ်မက်ဒရစ်အသင်းနည်းပြ မော်ရင်ဟိုသည် ရီးယဲလ်မက်ဒရစ်အသင်းမှ ထွက်ခွာရန် ပြင်ဆင်နေကြောင်း အသင်းဟောင်း ဘာစီလိုနာနှင့် အင်တာမီလန်ကစားသမား လူးဝစ်ဆူအာရက်စ်က တွေးထင်ထားကြောင်း သို့သော် ရီးယဲလ်မက်ဒရစ်အသင်းနည်းပြ မော်ရင်ဟိုကမူ အသင်းမှ ထွက်ခွာရန်ပြင်ဆင်နေသည်ဆိုသော သတင်းများကို ငြင်းဆိုခဲ့သည်။ သို့သော် အဆိုပါသတင်းများနှင့် ပတ်သက်၍ မေးမြန်းမှုများပြုလုပ်ခဲ့ရာတွင် ယခုနှစ်ဘောလုံးရာသီကုန်တွင် ရီးယဲလ်မက်ဒရစ်မှ ထွက်ခွာရန် ရှိကြောင်းဆိုသည်။

အာဆင်နယ်ကစားသမားများသည် အင်္ဂလန်ကစားသမား ဂါရီကာဟေးလ်နှင့် စကော့ပါကာတို့အား ခေါ်ယူစာချုပ်ချုပ်ဆိုရာ၌ ချယ်လ်ဆီးအသင်းနှင့် အပြိုင်ခေါ်ယူနိုင်ခဲ့ခြင်းမရှိခဲ့သည့်အတွက် ၎င်းတို့၏ နည်းပြဖြစ်သူ အာစင်ဝင်းဂါးအား ဒေါသထွက်ခဲ့ကြောင်းသိရသည်။ *အင်တာနက်။*

လားရှိုး၌ မီးလောင်မှုဖြစ်ပွား

လားရှိုး ဇန်နဝါရီ ၂၅

ရှမ်းပြည်နယ် လားရှိုးမြို့ အမှတ်(၇) ရပ်ကွက် နယ်မြေ(၁) အောင်သပြေလမ်း တရုတ်ဘုရားကျောင်း တစ်ကျောင်းသည် ဇန်နဝါရီ ၁၂ ရက် ည ၁၀ နာရီ ၁၀ မိနစ်ခန့်တွင် လျှပ်စစ်မီးလုံးအပူလွန်ကဲပြီးပေါက်ကွဲရာမှ မီးစတင်လောင်ကျွမ်းမှုဖြစ်ပွားခဲ့သည်။**(ယာပုံ)**

ဖြစ်စဉ်မှာ ဘုရားကျောင်းတွင်းရှိ မီးလုံးသည် မီးပျက်ရာမှရုတ်ခြည်းမီးပြန်လာစဉ် ဗို့အားမြင့်တက်သဖြင့် အပူရှိန်လွန်ကဲပေါက်ကွဲကာ ဝါယာကြိုးတစ်လျှောက် လောင်ကျွမ်းပြီး ထိုမှ ဝါးထရံမျက်နှာကြက်သို့ ကူးစက်သဖြင့် ဝင်းအတွင်းရှိ R.C နှစ်ထပ်ဆောင် လေးဆောင်အနက် သုံးဆောင်ပျက်စီးဆုံးရှုံးခဲ့ကြောင်း ကျောင်းဒုတိယတာဝန်ခံ ဒေါ်ယို့ချင့်(၆၅)နှစ်ထံမှ သိရသည်။

အဆိုပါ မီးလောင်ကျွမ်းရာသို့ ဒေသအုပ်ချုပ်ရေးမှူးများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ ရောက်ရှိပြီး ရပ်ကွက်အသီးသီးမှ မီးသတ်ကားများ၊ ဗဟိုမီးသတ်ကားနှင့် စည်ပင်မှ ရေကားတစ်စီးတို့က ဝိုင်းဝန်းငြိမ်းသတ်မှုကြောင့် ည ၁၁ နာရီ ၄၅ မိနစ်တွင် မီးညွန့်ကျိုးသွားခဲ့ကြောင်းနှင့် အဆိုပါ မီးလောင်မှုနှင့် ပတ်သက်၍ အမှတ်(၁)ရဲစခန်းက

(ပ)၁၄/၂၀၁၂ ဖြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၂၈၅ ဖြင့် အရေးယူဆောင်ရွက်လျက် ရှိကြောင်း သိရသည်။ (၅၃၃)

မီးမှန်သမျှ သုံးတတ်က မချမ်းဘေး စဉ်ကင်းဝေး။ မသုံးတတ်က မီးရန်က ဒုက္ခပေးလိမ့်မည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ

ပညာရေးဝန်ကြီးဌာန

မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ ဦးစီးဌာန

နေပြည်တော်

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံပညာရေးသုတေသနအဖွဲ့ ဦးစီးဌာနတို့ပူးပေါင်း၍ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုကြမည့် ကျောင်းသူ၊ ကျောင်းသားများအတွက် စာမေးပွဲ အထောက်အကူပြု သိမှတ်ဖွယ်ရာ သင်္ချာဘာသာသင်ခန်းစာကို ဖော်ပြလိုက်ပါသည်။

တက္ကသိုလ်ဝင် စာမေးပွဲ

သိမှတ်ဖွယ်ရာ သင်္ချာဘာသာ

[illegible]

$(r+1)^{th}$ term of $(2+3x)^7 = {}^7C_r\, 2^{7-r}(3x)^r$

[illegible]

$(2+3x)^7 = {}^7C_r\, 2^{7-r}(3x)^r$

[illegible]

$(x-1)(x-2)<0$

[illegible] algebraic [illegible] and [illegible] or [illegible]

[illegible] calculus [illegible] $e^x \cos x$ [illegible] derivative [illegible] $\frac{d}{dx}(e^x \cos x)$ [illegible] $\frac{dy}{dx}(e^x \cos x)$ [illegible] $\frac{d}{dx}$ [illegible] $\frac{dy}{dx}$ [illegible]

[illegible] function [illegible] function [illegible] f [illegible] inverse [illegible] f^{-1} [illegible] derivative [illegible] f' [illegible] matrix [illegible] matrix [illegible] A [illegible] inverse [illegible] A^{-1} [illegible] transpose [illegible] A' [illegible] calculus [illegible] $\frac{dy}{dx}$ [illegible] $\frac{dy}{dx}$ [illegible] vector [illegible] vector [illegible] direction [illegible] vector [illegible] $\frac{a}{b}$ [illegible] geometry [illegible] similarity [illegible] congruence [illegible]

[illegible]

[illegible] $f(x) = 2x^2 - 5x + k$ [illegible] $x-3$ [illegible] factor [illegible] k [illegible]

$f(x) = 2x^2 - 5x + k$

$x - 3$ is a factor of $f(x)$.

$\therefore f(3) = 0$

$18 - 15 + k = 0$

$k = -3$

[illegible] factor [illegible] $f(3) = 0$ [illegible]

$f(x) = 2x^2 - 5x + k$

$f(3) = 18 - 15 + k$

$= 3 + k$

$k = -3$

[illegible] factor [illegible] $f(3) = 0$ [illegible]

[illegible] calculus [illegible] $\lim_{x\to 2} \frac{x^2-2x}{x^2-4}$ [illegible]

$$= \lim_{x\to 2} \frac{x^2-2x}{x^2-4}$$

$$= \lim_{x\to 2} \frac{x(x-2)}{(x-2)(x+2)}$$

$$= \lim_{x\to 2} \frac{x}{x+2}$$

$$= \frac{2}{2+2}$$

$$= \frac{1}{2}$$

[illegible]

[illegible] $y = e^x \cos x$ [illegible] derivative [illegible]

$\frac{dy}{dx} = e^x \cos x + e^x(-\sin x)$ [illegible] $-\sin x$ [illegible] $2x^2 + 3y^2$ [illegible] $4x$ [illegible] $(2x^2 + 3y^2)4x$ [illegible] $2x^2 + 3y^2$ [illegible] $2x^2 + 3y^2$ [illegible]

[illegible]

$x * y = 3x^2 - 5xy + 3y^2$ [illegible] binary operation [illegible] commutative [illegible]

$x * y = 3x^2 - 5xy + 3y^2$

$y * x = 3y^2 - 5yx + 3x^2$

$= 3x^2 - 5xy + 3y^2$

$\therefore x * y = y * x$

$\therefore *$ is commutative

[illegible] $x * y = y * x$ [illegible] commutativity [illegible]

[illegible] $f(x) = x^3 - 3x^2 + 5x - 9$ [illegible] $x - 3$ [illegible] (remainder) [illegible]

$f(x) = x^3 - 3x^2 + 5x - 9$

$f(x)$ is divided by $x - 3$

$f(3) = 27 - 27 + 15 - 9$

$= 6$

$\therefore$ remainder $= 6$

[illegible]

$f(x) = x^3 - 3x^2 + 5x - 9$

$f(x)$ is divided by $x - 3$

$f(3) = 27 - 27 + 15 - 9$

$= 6$

စာမျက်နှာ ၁၆ ကော်လံ ၁ သို့

❀ စာမျက်နှာ ၁၅ မှ

[illegible]

BEST

အင်္ဂလိပ်စာ သင်တန်းများ

4 Skills – Grammar – Phonetics

အမည်ပြောင်း

ရေဝတီတိုင်းဒေသကြီး၊ မြောင်မြို့၊ အထက(၁) ဒုတိယတန်း (ခ)မှ ဦးအောင်နိုင်မျိုး၏သား မောင်နှစ်ဆန်းလင်းအား မောင်ရှိုင်းမင်းထက်ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်ရှိုင်းမင်းထက်**

ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ (၁၀/၃၃/၈)ရပ်ကွက်၊ ဘီးလင်းလမ်း၊ အမှတ်(၉၄၁)ရှိ မြေအကျယ်ပေ(၄၀×၆၀)မြေနှင့် ၎င်းမြေပေါ်ရှိ နှစ်ထပ်တိုက် အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား ဆက်စပ်စာရွက်စာတမ်းနှင့်တကွ လက်ရှိထား ပိုင်ဆိုင်နေထိုင်သူ ဒေါ်စုစုလှိုင်[၉/မနတ(နိုင်)၀၉၇၅၈၈]ထံမှ ကျွန်ုပ်၏မိတ်ဆွေသည် ၎င်းခြံမြေ အရောင်းအဝယ်အတွက် စရန်ငွေတချို့အား ပေးချေထားပြီးဖြစ်သည်။ အဆိုပါ နေအိမ်ခြံမြေနှင့်စပ်လျဉ်း၍ ဥပဒေနှင့်အညီ စပ်ဆိုင်ပတ်သက်သူများရှိ၍ ကန့်ကွက်လိုပါက ၎င်းအရောင်းအဝယ်အား ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်အားပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်မြင့်နီလာနွယ်(LL.B)
အထက်တန်းရှေ့နေ(စဉ်-၂၈၁၂၇)
အမှတ်(၂၃)၊ ဘုရင့်နောင်ရိပ်သာ(၂)လမ်း၊ မြို့သစ်(က+ခ)ရပ်ကွက်၊
အင်းစိန်မြို့နယ်၊ ဖုန်း-၀၉-၇၃၂၁၀၈၆၆



တာမွေမြို့နယ်၊ (၁၆၆)လမ်း၊ အမှတ်(၆၉)ရှိ (၇-ထပ်တိုက်) အဆောက်အအုံ၏ (၄)လွှာ (A) တိုက်ခန်းဝယ်ယူရန် ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ တာမွေကြီး(ခ)ရပ်ကွက်၊ (၁၆၆)လမ်း၊ အမှတ်(၆၉)ရှိ ၇-ထပ်တိုက် အဆောက်အအုံ၏ (၄-လွှာ)(A)၊ (အလျား×အနံ) (၁၈ပေ×၆၅ပေ)ရှိ ရေမီးအစုံတိုက်ခန်းအား လက်ရှိနေထိုင်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်ညွန့်ညွန့်ရွှေ [၁၂/လမန(နိုင်) ၀၃၅၄၄၇]ထံမှ အပျောက်စနစ်ဖြင့် ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေမှ စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ တိုက်ခန်းနှင့် ပတ်သက်၍ အကျိုးခံစားခွင့်ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ယနေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်းအထောက်အထားများနှင့်တကွ ကျွန်ုပ်ထံကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အပြီးတိုင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

ဒေါ်ကြင်ညွန့်၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဦးဘုန်းမြင့်(ငါးသိုင်းချောင်း) (LL.B)
တရားလွှတ်တော်ရှေ့နေ (၃၁၄၈/၈၅)
Japan Tokyo 4 years, Legal Consultant
အမှတ်(၂၂)၊ ဝါးခယ်မလမ်း၊ စမ်းချောင်းမြို့နယ်။
ဖုန်း-၅၁၈၁၄၈၊ ၅၃၈၄၇၉၊ ၀၉ ၅၀၆၃၅၆၁၊ ၀၉ ၂၂၂၀၀၃၀

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ တပ်ရာကုန်းမြို့ပြကွက်သစ်၊ မြေကွက်အမှတ်(၄၉၉) မူလအမည်ပေါက် ဦးကံထူး၏ မြေကွက်ကို လက်ရှိဝယ်ယူပိုင်ဆိုင်သူ ဒေါ်ထွေး[၁၂/ကတတ(နိုင်)၀၂၁၇၉၈]က မြေကွက်စလစ်(မူရင်း)နှင့် အရောင်းအဝယ်စာချုပ်(မူရင်း)များ တင်ပြ၍ မြေချပါမစ်ထုတ်ယူခွင့်ပြုပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းများတင်ပြ၍ သန်လျင်-ကျောက်တန်းဒေသဖွံ့ဖြိုးရေး စီမံကိန်းရုံး၊ မြေယာရုံးခွဲ(၁၅)၊ မြေနှင့်အခွန်ဌာနခွဲသို့ ကန့်ကွက်လွှာတင်သွင်းနိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ် ထုတ်ပေးပါရန် ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

မြေယာရုံးခွဲ(၁၅)၊မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ တိုက်(၃)၊ အခန်း(၂၀၄)၊ (ဆ/ခ) ရပ်ကွက်၊ ဘဝမြင့်၊ ရွှေကိန္နရီအိမ်ရာနေ ဒေါ်သိမ့်သိမ့်သူ[၉/ရမသ(နိုင်)၁၇၉၇၃၈] ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အသိပေးကြေညာအပ်ပါသည်။ ဦးထွန်းအောင်လွင်[၇/ပမန(နိုင်) ၀၀၆၀၃၂] ကိုင်ဆောင်သူနှင့် ဒေါ်သိမ့်သိမ့်သူတို့သည် တရားဝင်အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်ခဲ့ကြပြီး ဦးထွန်းအောင်လွင်သည် ၂၉-၁၁-၂၀၁၁ရက်တွင် ကွယ်လွန်ခဲ့ပါသည်။ ဦးထွန်းအောင်လွင် ကွယ်လွန်ချိန်တွင် ၎င်းအမည်ပေါက် မရွှေ့မပြောင်းနိုင်သည့် ပစ္စည်းများ၊ ရွှေ့ပြောင်းနိုင်သည့်ပစ္စည်းများ ကျန်ရစ်ခဲ့ပါသည်။ ယင်းပစ္စည်းများအနက် မော်တော်ယာဉ်အမှတ်-၂ဂ/၃၄၅၂၊ ၂ဂ/၃၄၅၃ (၂၁၇-အထူးလိုင်း) မော်တော်ယာဉ်(၂စီး)ကို တစ်ဆင့်လွှဲပြောင်းရောင်းချရန် စီစဉ်နေကြောင်း ကြားသိရပါသည်။ သို့ပါ၍ ဖော်ပြပါ မော်တော်ယာဉ် (၂စီး)အပြင် ဦးထွန်းအောင်လွင်(ကွယ်လွန်)၏ အမည်ဖြင့် ကျန်ရစ်ခဲ့သော ကွယ်လွန်သူပိုင်ပစ္စည်းများကို ဒေါ်သိမ့်သိမ့်သူ မသိရှိဘဲ အခြားနည်း တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း မပြုလုပ်ကြရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးဟန်စိန်(တရားလွှတ်တော်ရှေ့နေ-၃၉၅၃/၈၆)
အမှတ်-၅၀၊ (A-21)၊ ပထပ်၊ ဘဏ်လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၇၀၊ ၇၁၊ ၇၂၊ မြေကွက်အမှတ်-၇၈၂(ဃ)၊ မြေအကျယ်ပေ (၂၅×၅၀) ဧရိယာ(၁၂၅၀ စတုရန်းပေ) ဦးမောင်ကိန်း အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ဈေးလမ်း၊ အမှတ်-၃၀ဟုခေါ်တွင်သော မြေနှင့် အဆောက်အအုံအပါအဝင် ဆက်နွယ်ပတ်သက်သည့် အကျိုးခံစားခွင့် အရပ်ရပ်တို့အား တရားဝင်ပိုင်ဆိုင်ရောင်းချခွင့်ရှိကြောင်း ပြောဆိုလာသူ ဖွန်ရွှေကင်(ခ) ဦးမောင်ကိန်း[၁၂/လသန(နိုင်)၀၁၇၆၀၁]ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် ညှိနှိုင်းသဘောတူညီချက်အရ တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသအား ပေးချေပြီးဖြစ်ပါ၍ အဆိုပါမြေနှင့်အိမ်ပစ္စည်းအရပ်ရပ်တို့နှင့်ပတ်သက်ပြီး ပိုင်ရေးဆိုင်ခွင့်ရှိကြောင်း ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့စာရွက်စာတမ်း မူရင်းများဖြင့် အထောက်အထား ခိုင်လုံစွာလာရောက်တင်ပြကန့်ကွက်နိုင်ပါကြောင်း၊ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်အေးအေးငြိမ်း(အထက်တန်းရှေ့နေ)
LL.B,D.B.L (စဉ်-၂၄၄၀၂)
အမှတ်-၅၀၊ ဘဏ်လမ်း၊ ရန်ကုန်ရှေ့နေများနားနေခန်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၉-၄၃၀၆၇၄၈၀

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်

ဩစတြေးလျနိုင်ငံ ဝန်ကြီးချုပ်ထံ သဝဏ်လွှာပေးပို့

နေပြည်တော် ဇန်နဝါရီ ၂၆

၂၀၁၂ ခုနှစ် ဇန်နဝါရီ ၂၆ ရက်တွင် ကျရောက်သည့် ဩစတြေးလျနိုင်ငံ အမျိုးသားနေ့၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ဩစတြေးလျနိုင်ငံဝန်ကြီးချုပ် မစ္စ ဂျူလီယာ ဂေးလဒ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်

အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ်ထံ သဝဏ်လွှာပေးပို့

နေပြည်တော် ဇန်နဝါရီ ၂၆

၂၀၁၂ ခုနှစ် ဇန်နဝါရီ ၂၆ ရက်တွင် ကျရောက်သော အိန္ဒိယသမ္မတနိုင်ငံ တည်ထောင်သည့် နှစ်ပတ်လည်အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ် ဒေါက်တာမန်းမိုဟန်ဆင်းထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း

အိန္ဒိယသမ္မတနိုင်ငံ ဒုတိယသမ္မတထံ သဝဏ်လွှာပေးပို့

နေပြည်တော် ဇန်နဝါရီ ၂၆

၂၀၁၂ ခုနှစ် ဇန်နဝါရီ ၂၆ ရက်တွင် ကျရောက်သော အိန္ဒိယသမ္မတနိုင်ငံ တည်ထောင်သည့် နှစ်ပတ်လည်အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းထံမှ အိန္ဒိယသမ္မတနိုင်ငံ ဒုတိယသမ္မတ မိုဟာမက် ဟာမစ်အန်ဆာရီထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး

အိန္ဒိယသမ္မတနိုင်ငံ ဒုတိယသမ္မတထံ သဝဏ်လွှာပေးပို့

နေပြည်တော် ဇန်နဝါရီ ၂၆

၂၀၁၂ ခုနှစ် ဇန်နဝါရီ ၂၆ ရက်တွင် ကျရောက်သော အိန္ဒိယသမ္မတနိုင်ငံ တည်ထောင်သည့် နှစ်ပတ်လည်အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ သီဟသူရ ဦးတင်အောင်မြင့်ဦးထံမှ အိန္ဒိယသမ္မတနိုင်ငံ ဒုတိယသမ္မတ မိုဟာမက် ဟာမစ်အန်ဆာရီထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

လှည့်လည်ကြည့်ရှု

ဒုတိယသမ္မတ သီဟသူရ ဦးတင်အောင်မြင့်ဦး တောင်ဒဂုံ ဆီအုန်းစိုက်ပျိုးရေး စီမံကိန်း တောင်ဒဂုံဆီကြိမ်းစက်ရုံအတွင်း လှည့်လည်ကြည့်ရှုစဉ်။

(သတင်းစဉ်)

ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး ကွျန်းစုမြို့နယ်နှင့် ဘုတ်ပြင်းမြို့နယ်ဖွံ့ဖြိုးတိုးတက်မှုများ ကြည့်ရှုစစ်ဆေး

ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ လမ်းပန်းဆက်သွယ်ရေးလိုအပ်ချက်များ ညှိနှိုင်းဖြည့်ဆည်းပေး

နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ နိုင်ငံတကာဆက်ဆံရေးအခြေအနေများ ရှင်းလင်းပြောကြား

နေပြည်တော် ဇန်နဝါရီ ၂၅

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့၌ ရောက်ရှိနေသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးနှင့်အဖွဲ့ဝင်များသည် ဇန်နဝါရီ ၂၄ ရက် နံနက်ပိုင်းတွင် မြိတ်မြို့မှ ရေယာဉ်ဖြင့် ထွက်ခွာလာခဲ့ကြရာ နံနက် ၉ နာရီတွင် ကွျန်းစုမြို့သို့ ရောက်ရှိကြသည်။

ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များအား ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် မြို့မိမြို့ဖများက ကွျန်းစုဆိပ်ကမ်း၌ ကြိုဆိုကြသည်။

ထို့နောက် ဒုတိယသမ္မတသည် အဖွဲ့ဝင်များလိုက်ပါလျက် ကွျန်းစုမြို့နယ် ကွျန်းရတနာခန်းမ၌ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် မြို့မိမြို့ဖများအား တွေ့ဆုံသည်။

ရှေးဦးစွာ ကွျန်းစုမြို့နယ် အုပ်ချုပ်ရေးမှူး ဦးအောင်မိုးက ဒေသဆိုင်ရာအချက်အလက်များနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်မှုတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီး ခေတ္တဝန်ကြီးချုပ် ဦးမြတ်ကိုက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ယင်းနောက် ရပ်မိရပ်ဖများဖြစ်ကြသည့် ဦးသန်းကြွယ်၊ ဦးအောင်ဝင်းနှင့် ဦးလှိုင်ကြည်တို့က ဒေသအတွင်း ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် ဒေသဖွံ့ဖြိုးရေးတို့အတွက် လိုအပ်ချက်များကို တင်ပြကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများက သက်ဆိုင်ရာဝန်ကြီးဌာနများ၏ လုပ်ငန်းတာဝန်များနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ပံ့ပိုးပေးနိုင်မည့် အခြေအနေများကို ရှင်းလင်းပြောကြားကြသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ❑

ယနေ့သတင်းအညွှန်း

အာရှဒေသတွင်းမြေပြိုမှု၊ သဘာဝဘေးအန္တရာယ်ကြိုတင်သတိပေးချက်ထုတ်ပြန်ရေး စည်းဝေး
ပြည်တွင်းသတင်း စာမျက်နှာ ၆

ဈေးဝယ်မခက် ရတက်အေးစေချင်
ပြည်တွင်းသတင်း စာမျက်နှာ ၇

(၂၆)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ မှတ်တမ်းဓာတ်ပုံများ ဝင်ရောက်ပြသရန် ဖိတ်ခေါ်
ပြည်တွင်းသတင်း စာမျက်နှာ ၇

အနောက်တိုင်းဆေးဝါးရောင်းချသော တိုင်းရင်းဆေးများ အများပြည်သူများ သုံးစွဲရန်မသင့်
ပြည်တွင်းသတင်း စာမျက်နှာ ၃

တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုကြမည့် ကျောင်းသား၊ ကျောင်းသူများအတွက် စာမေးပွဲအထောက်အကူပြု သိမှတ်ဖွယ်ရာ သင်္ချာဘာသာသင်ခန်းစာကို စာမျက်နှာ ၁၅၊ ၁၆ တွင် ဖော်ပြထားပါသည်။